# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၆ ရက် ကြာသပတေးနေ့။ Thursday, 29 June 2017 (၈၉၇၀)


**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင်၊ မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာ သူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)

**တောင်အာဖရိကနိုင်ငံ သံအမတ်ကြီးနှင့် မက္ကဆီကိုနိုင်ငံ သံအမတ်ကြီးတို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ၎င်းတို့၏သံအမတ်ခန့်အပ်လွှာများ ပေးအပ်**

သတင်းစာမျက်နှာ - ၃

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင်သံအမတ်ကြီးနှင့် နီပေါသံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ**

သတင်းစာမျက်နှာ - ၈

# တိုင်းပြည်၏ လက်ရှိကြွေးမြီကို မှန်မှန်ကန်ကန် သိမြင်ခြင်းအားဖြင့် အနာဂတ်ကာလအစီအမံများကို ကြွေးမြီသက်သာအောင် စီမံဆောင်ရွက်မည့်နည်းလမ်း စဉ်းစားရန်လို

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ

**နေပြည်တော် ဇွန် ၂၈**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စု လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးတွင် နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သော ချင်းပြည်နယ်အတွင်းရှိ မင်းတပ်ခရိုင်ကို မြို့နယ် (၄)မြို့နယ်ဖြင့် ဖွဲ့စည်းထားရာမှ မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ် (၂)မြို့နယ်ကို မင်းတပ်ခရိုင်အဖြစ်လည်းကောင်း၊ မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ် (၂)မြို့နယ်ကို မတူပီခရိုင်အဖြစ်လည်းကောင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော ၂၀၁၇ ခုနှစ် ရေခွန်နှင့် တာတမံခွန်ဥပဒေကြမ်းနှင့် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့်စပ်လျဉ်းသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာများကို ကော်မတီဝင်များက ဖတ်ကြားတင်ပြကြပြီး ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့**



# ရွှေထည်၊ ရတနာ ရောင်းချမှု

## ကုန်သွယ်ခွန် တစ်ရာခိုင်နှုန်း စတင်ကောက်ခံလျက်ရှိ

**နေပြည်တော် ဇွန် ၂၈**

ရွှေထည်လက်ဝတ်ရတနာရောင်းချခြင်းမှ ကုန်သွယ်ခွန် တစ်ရာခိုင်နှုန်းကောက်ခံနေမှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခွန်ဆောင်နိုင်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံသည် ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ ငါးရာခိုင်နှုန်းသာ ကောက်ခံခြင်းကြောင့် အာဆီယံနိုင်ငံများတွင် ကုန်သွယ်လုပ်ငန်းခွန်နှုန်းထား အနိမ့်ဆုံးဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်ဝင်းက ပြောကြားသည်။

"ကုန်သွယ်လုပ်ငန်းခွန်နှုန်းထားအနေနဲ့ကတော့ အာဆီယံနိုင်ငံတွေထဲမှာ ငါးရာခိုင်နှုန်း ကောက်တာဖြစ်တဲ့အတွက်ကြောင့် အနည်းဆုံးလို့တော့ ပြောလို့ရပါတယ်။ ထိုင်းနိုင်ငံမှာဆိုရင် ခုနစ်ရာခိုင်နှုန်း၊ မလေးရှားမှာ ခြောက်ရာခိုင်နှုန်း၊ စင်ကာပူမှာတော့ ခုနစ်ရာခိုင်နှုန်း ကောက်တာရှိပါတယ်။ အခြားနိုင်ငံတွေနဲ့စာရင် ကျွန်တော်တို့နိုင်ငံထက် များတာပဲရှိပါတယ်။ ကျွန်တော်တို့အောက် နည်းတာတော့မရှိပါဘူး။ အဲဒီအထဲမှာ ရွှေထည်လက်ဝတ်ရတနာကတော့ ၂၀၁၇ ပြည်ထောင်စုအခွန်အကောက် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**


ကုလားတန်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း
စာမျက်နှာ - ၂

လူမှုကွန်ရက်ဖေ့စ်ဘွတ်ခ် သုံးစွဲသူအရေအတွက် နှစ်ဘီလီယံရှိပြီဖြစ်
စာမျက်နှာ - ၄

ရွှေဘိုဒေသ၌ အထွက်နှုန်းနှင့် စပါးဈေးကောင်းနေ၍ လယ်သမားများ အဆင်ပြေ
စာမျက်နှာ - ၁၁





ကြေးမုံ

# ကုလားတန်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

အိန္ဒိယအစိုးရက ရခိုင်ပြည်နယ်အစိုးရထံသို့ ကုလားတန်အမည်ရှိသော မြစ်တွင်းသွား ရေယာဉ်ခြောက်စင်းကို လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ အဆိုပါ ရေယာဉ်ခြောက်စင်းကို ရခိုင်ပြည်နယ်အတွင်း ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းဆောင်တာများအတွက် အသုံးပြုသွားမည်ဖြစ်ပါသည်။ အမှန်မှာမူ ရေယာဉ်ခြောက်စင်း၏ လုပ်ငန်းဆောင်တာတို့သည် ကုလားတန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ လုပ်ငန်းအစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ ကုလားတန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသည် မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်း ဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့သည် ရှည်လျားသောနယ်နိမိတ် ထိစပ်နေသော်လည်း နှစ်နိုင်ငံနယ်စပ်မျဉ်း၏ တစ်ဖက်တစ်ချက်ရှိဒေသတို့သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသကဲ့သို့ ဖွံ့ဖြိုးမှုလည်းနည်းပါးသည့် ဒေသများဖြစ်နေသောကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှုတို့ကို သိသိသာသာတိုးမြှင့်နိုင်ခဲ့ခြင်း မရှိခဲ့သည်မှာ ယနေ့ထက်တိုင်ဟု ဆိုရမည်ဖြစ်ပါသည်။ ကုလားတန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် အဆိုပါ အဟန့်အတားတို့ကို ရိုက်ချိုးဖယ်ရှား၍ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သစ်တို့ကို ဖော်ဆောင်ပေးမည့်စီမံကိန်း ဖြစ်ပါသည်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၏ခြေလှမ်းသစ်များဟု ဆိုရမည်ဖြစ်ပါသည်။

ကုလားတန်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၌ စစ်တွေဆိပ်ကမ်းအား တန်ချိန် ၆၀၀၀ ရေယာဉ်များ ဝင်ထွက်သွားလာနိုင်ရေးကို ဆောင်ရွက်မည်ဖြစ်သကဲ့သို့ တန်ချိန် ၂၀၀၀၀ ရေယာဉ်များ ဆိုက်ကပ်နိုင်မည့်ဆိပ်ခံတံတား တည်ဆောက်ခြင်းတို့လည်း ပါဝင်ပါသည်။ ထို့အတူ စစ်တွေနှင့်ပလက်ဝတို့၌ တန်ချိန် ၃၀၀ ရေယာဉ် ဆိုက်ကပ်နိုင်မည့် ဆိပ်ခံတံတားနှစ်စင်းကိုလည်း ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ ကုလားတန် မြစ်ကြောင်းတစ်လျှောက်၌လည်း ရေကြောင်းပြဘော်ယာများ တပ်ဆင်သွားမည်ဖြစ်ပါသည်။

စီမံကိန်းအကောင်အထည်ဖော်ပြီးစီးမှုကို သုံးသပ်ပါက ပလက်ဝဆိပ်ကမ်း၌ ဆိပ်ခံတံတားနှင့်အဆောက်အအုံများ တည်ဆောက်ခြင်းတို့ပြီးစီးပြီဟုသိရှိရပါသည်။ စီမံကိန်း၏ သဘောသည် ကုလားတန်မြစ်ကြောင်းကို အသုံးပြု၍ ကုန်သွယ်သွားရမည်ဖြစ်ပြီး ပလက်ဝမှ အိန္ဒိယနယ်စပ်ရှိ ဇိုရင်ပူအီအရောက် အဝေးပြေးလမ်းဖောက်လုပ်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကုလားတန်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသည် သမိုင်းကြောင်းတစ်လျှောက်တည်ရှိခဲ့သော အဟန့်အတားတို့ကိုကျော်လွှား၍ အိန္ဒိယနိုင်ငံနှင့်မြန်မာနိုင်ငံအကြား ကုန်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို သိသိသာသာ မြှင့်တင်ပေးနိုင်တော့မည် ဖြစ်ပါသည်။

ကုလားတန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို အကြောင်းပြု၍ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုပြုလုပ်နိုင်မည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံမှတစ်ဆင့် တခြားသော အရှေ့တောင်အာရှနိုင်ငံများနှင့်ပါ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အိန္ဒိယနိုင်ငံနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်သော အခွင့်အရေးကောင်းတို့ကို ရရှိမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံတို့အကြား ကြားခံဆက်သွယ်ရေးအဖြစ် ဆောင်ရွက်နိုင်မည့်အခွင့်အရေးတို့ကို ရရှိမည်ဖြစ်ပါသည်။ ထို့မျှမက ကုလားတန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ဖွံ့ဖြိုးမှုနည်းပါးဆဲဖြစ်သည့် ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့အတွက် စီးပွားရေးအခွင့်အလမ်းကောင်းတို့ကို ဖန်တီးပေးမည်ဖြစ်၍ ဤစီမံကိန်းကိုအလေးအနက်ကြိုဆိုဂုဏ်ပြုပါကြောင်း တင်ပြအပ်ပါသည်။ ။

# ကျန်းမာရေးစောင့်ရှောက်မှုများ ယခုထက်ပိုမိုသွက်လက်ထိရောက်စွာ ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဆွေးနွေး



**နေပြည်တော် ဇွန် ၂၈**

ပြည်သူ့ ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့ကို ဗဟိုအဆင့် ပြန်လည်ပူးပေါင်းရေးအကြံပေးအဖွဲ့ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၆ ရက် မွန်းလွဲပိုင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာနအတွက် အဓိကကျသော ဦးစီးဌာနကြီးနှစ်ခု ပြန်လည် ပေါင်းစည်းခြင်းအားဖြင့် ဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ပိုမိုအားကောင်း၊ တောင့်တင်းခိုင်မာ၊ စည်းလုံးကျစ်လျစ်သွားမည် ဖြစ်ပါကြောင်း၊ ပြည်သူများနှင့်ဝန်ထမ်းများ၏ အကျိုးကိုရှေးရှုဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဗဟိုအဆင့် ပြန်လည်ပူးပေါင်းရေး အကြံပေးအဖွဲ့သည် အတွေ့အကြုံများစွာရှိသူများဖြင့် ဖွဲ့စည်းထားကြောင်း၊ ထွက်ပေါ်လာသော ဆွေးနွေးချက်ရလဒ်များကို ဦးစားပေးအလိုက် အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရှုထောင့်ပေါင်းစုံမှ သုံးသပ်၍ အားလုံးဝိုင်းဝန်း ဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းတွင် Hotel Max ၌ ကျင်းပသည့် မိသားစုစီမံကိန်းအတွက် အရေပြားအောက်သို့ ထိုးနိုင်သည့် သန္ဓေတားဆေးမိတ်ဆက်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယခုမိတ်ဆက်သည့် အရေပြားအောက်သို့ ထိုးနိုင်သည့် သန္ဓေတားဆေးသည် ကျေးလက်ဒေသနေပြည်သူများပါ အလွယ်တကူသုံးစွဲနိုင်မည်ဖြစ်သည့် အပြင် မလိုလားအပ်သော ကိုယ်ဝန်ဆောင်ရမှုများ၊ သွေးအဆိပ်တက်ကိုယ်ဝန်ပျက်ကျမှုများ၊ မိခင်သေဆုံးမှုများ လျော့နည်းကျဆင်းစေရန်အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

အသုံးပြုပုံနည်းစနစ်မှန်ကန်မှု၊ ဘေးထွက်ဆိုးကျိုးအနေဖြင့် ခံစားရနိုင်မှုစသည့် အချက်များကို လုပ်ငန်းဆောင်ရွက်မှုနှင့်အတူ သုတေသနလုပ်ငန်းကိုပါ တစ်ပါတည်းလုပ်ဆောင်ရန် လိုအပ်ကြောင်း၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့အား မိသားစုစီမံကိန်းများအတွက် ယခုကဲ့သို့ လွယ်ကူထိရောက်စွာ အထောက်အကူပြုနိုင်မည့် သန္ဓေတားဆေးဝါးကို မိတ်ဆက်ပေးသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည်များ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Janet E.Jack က အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေး) ဒေါက်တာလှမြသွေးက္ကန္ဒာက မိသားစုစီမံကိန်းအတွက် အရေပြားအောက်ထိုးနှံသည့် သန္ဓေတားဆေးမိတ်ဆက်ရခြင်းအကြောင်းကို လည်းကောင်း၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့မှ ဒေါက်တာ လှိုင်ထိပ်ထားခင်က မိသားစုစီမံကိန်း ၂၀၂၀ အတွက် အရေပြားအောက်ထိုးနိုင်သည့် သန္ဓေတားဆေးအား ဆက်နွယ်အသုံးပြုခြင်းဆိုင်ရာများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဩစတြေးလျနိုင်ငံမှ ပါလီမန်အမတ် Mrs.Nola Marino (Member for Forrest, Western Australia) နှင့် အဖွဲ့အား ဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန်အတွက် ဩစတြေးလျနိုင်ငံမှ ပံ့ပိုးပေးနိုင်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ ၂၀၃၀ ခုနှစ်တွင် ငှက်ဖျားရောဂါကင်းစင်နိုင်ရေးအတွက် Asia Pacific Leaders Malaria Alliance (APLMA) မှ ပံ့ပိုးဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

| | ရန်ကုန် | ဇွန် ၂၈ |
|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၀၇၅၀၀ - | ၉၀၇၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၀၇၅၀၀ - | ၉၀၇၅၀၀ |

| **စက်သုံးဆီဈေးနှုန်း** | | **ရန်ကုန်** | **မန္တလေး** |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၅၀/၆၈၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၅/၇၃၀ ကျပ်၊ | ၇၈၅/၈၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၈၀/၇၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၇၀၀ ကျပ်၊ | ၆၇၀/၇၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၇၅/၅၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၉၀/၅၉၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၅၆၅/၅၇၅ ကျပ်

***၂၀-၆-၂၀၁၇ ရက်နေ့မှ ၂၃-၆-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၅၆၁ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၅၈၇ ကျပ်၊ ဒီဇယ် တစ်လီတာ ၅၆၉ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၈၄ ကျပ် ဖြစ်ပါသည်။***

*(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၁. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၄၃. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၉. ၇၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀. ၀၉၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၇. ၅၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၀၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၃. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၃၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၃. ၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၁. ၈၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းဆွေးနွေး

**လောင်းလုံး ဇွန် ၂၈**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗထူးခန်းမ၌ ဇွန် ၂၇ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ထွေး တက်ရောက်ပြီး မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၊ ရပ်ကွက်၊ ကျေးရွာကော်မတီများနှင့် မိတ်ဖက်အဖွဲ့အစည်းများစုပေါင်းပြီး လုပ်ငန်းညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဝင်းက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်း ဆွေးနွေးတင်ပြခြင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးကျော်မင်းထွန်းက ကလေးသူငယ်ဆိုင်ရာအကြောင်း ဆွေးနွေးတင်ပြခြင်း၊ လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲသူများနှင့် ဝေါလ်ဗီးရှင်း(မြန်မာ)တို့က ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာသူများက မရှင်းလင်းသည့်အချက်များကို ဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းပြကာ ဆွေးနွေးပွဲအဆုံးအဖြတ်ချမှတ်ခြင်းများ ပြုလုပ်သည်။ ယင်းနောက် မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**စိုးထွန်း(ပြန်/ဆက်)**


ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်တွင်းရေးရာ

# တောင်အာဖရိကနိုင်ငံ သံအမတ်ကြီးနှင့် မက္ကဆီကိုနိုင်ငံ သံအမတ်ကြီးတို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ၎င်းတို့၏သံအမတ်ခန့်အပ်လွှာများ ပေးအပ်



**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဂျက်ဖရီ ကွင်းတန် မစ်ချယ် ဒွက်ချ်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ မက္ကဆီကို ပြည်ထောင်စုနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သည့် သံအမတ်ကြီး မစ္စတာ နေသန် ဝုဖ် လပ်စ်ဘာဒါသည် ယနေ့ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**(ယာပုံ)**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Jaroslav Dolecek အား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စု ရှေ့နေချုပ်ရုံးရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ် ဦးဆောင်သော တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲတို့၏ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများတွင် ချက်သမ္မတနိုင်ငံ၏အတွေ့အကြုံများကို ဖလှယ်ဆောင်ရွက်မည့်ကိစ္စ၊ ဒီမိုကရေစီစနစ်ဖွံ့ဖြိုးရေးအတွက် ချက်သမ္မတနိုင်ငံ၏ အကူအညီဖြင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော ကူးပြောင်းမှုဆိုင်ရာစီမံကိန်းလုပ်ငန်းများကိစ္စ၊ နှစ်နိုင်ငံ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း Universal Peace Federation (Asia)မှ ဧည့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် Universal Peace Federation (Asia) မှ UPF Representative Myanmar Mr. Pasit Sirimalai နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Universal Peace Federation ၏ Launching of the International Association of Parliamentarians for Peace - Myanmar ( IAPP - Myanmar ) အစီအစဉ်နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မောင်တောတောင်ပိုင်း ကျေးရွာများသို့ ဆန်၊ ဆီ၊ ပဲ ထောက်ပံ့



**မောင်တော ဇွန် ၂၈**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် မောင်တောခရိုင် တောင်ပိုင်း ကျေးရွာများသို့ သွားရောက်ကာ ဒေသခံပြည်သူများအား အားပေးစကား ပြောကြားပြီး ဆန်၊ ဆီ၊ ပဲနှင့် ငါးသေတ္တာဘူးများထောက်ပံ့ပေးအပ်သည်။

ဒေသခံပြည်သူများအနေဖြင့် မစိုးရိမ်ကြရန်နှင့် မိမိတို့အနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အစွမ်းကုန် ကူညီဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်ရန်လည်း အရေးကြီးကြောင်း၊ ဒေသအတွင်း တဖြည်းဖြည်းတည်ငြိမ်အေးချမ်းလာမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က အင်းဒင်ကျေးရွာသို့ ရောက်ရှိစဉ် ဒေသခံပြည်သူများအား ပြောကြားသည်။

ထို့ပြင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းနှင့် ကျန်းမာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာတို့ကလည်း ဒေသခံပြည်သူများအား အားပေးစကားပြောကြားကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်ပန္ဒုနှင့် ရွှေရင်အေးကျေးရွာများသို့ သွားရောက်ပြီး ဒေသခံပြည်သူများအား အားပေးစကား ပြောကြားကာ ပြည်နယ်အစိုးရမှ ထောက်ပံ့သော ဆန်၊ ဆီ၊ ပဲနှင့် ငါးသေတ္တာဘူးများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြင်းလွှတ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဒေသခံအုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံကာ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

**သတင်း- မြင့်မောင်စိုး၊**
**အောင်ကျော်ဦး**
**ဓာတ်ပုံ- သက္က**

❑

# ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ၊ အလယ်တန်းကျောင်း(ခွဲ)တိုးမြှင့်ဖွင့်လှစ်

**ပန်းတောင်း ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် လဲကျေးရွာအုပ်စု ခုံကြီးကျေးရွာတွင် မြန်မာ့သြဘာ လုပ်ငန်းစုကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲနှင့် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)သို့ တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ ပဲခူးတိုင်းဒေသကြီး တာဝန်ခံ မြန်မာ့သြဘာလုပ်ငန်းစု ကုမ္ပဏီလီမိတက်မှ ဦးနေမင်းထွန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်လှလှ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ခိုင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ကိုတို့က ကျောင်းဆောင်သစ်နှင့် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **သိန်းတိုး(ပြန်/ဆက်)**

# ဗင်နီဇွဲလား၌ တရားရုံးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန အဆောက်အအုံတို့ကို ရဟတ်ယာဉ်တစ်စင်းပေါ်မှ တိုက်ခိုက်

**ကာရာကတ်စ် ဇွန် ၂၈**
ဗင်နီဇွဲလားနိုင်ငံ မြို့တော် ကာရာကတ်စ်၌ ဇွန် ၂၇ ရက်က ရဲတပ်ဖွဲ့ ရဟတ်ယာဉ်တစ်စင်းက တရားရုံးချုပ် အဆောက်အအုံနှင့် ပြည်ထဲရေးဝန်ကြီးဌာန အဆောက်အအုံတို့ကို အတင့်ရဲစွာ တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုသည် အာဏာသိမ်းရန် ကြိုးပမ်းမှုဖြစ်သည်ဟု သမ္မတ နီကိုလပ်စ် မာဒူရိုက ပြစ်တင်ရှုတ်ချခဲ့ပြီး ယင်းတိုက်ခိုက်မှု၏နောက်ကွယ်တွင် အကြမ်းဖက်သမားများ ရှိနေသည်ဟုလည်း ဝေဖန်ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အဆိုပါ ရဟတ်ယာဉ်ကို ခိုးယူလာသည်ဟု ယူဆရပြီး ဗင်နီဇွဲလား စုံစမ်းစစ်ဆေးရေး ရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးဖြစ်သူ အော်စကာ ပီရက်ဇ်က မောင်းနှင်ခဲ့သည်ဆို၏။

ရဟတ်ယာဉ်ပေါ်ရှိ တိုက်ခိုက်သူများသည် ကာရာကတ်စ်မြို့ရှိ တရားရုံးချုပ် အဆောက်အအုံနှင့် ပြည်ထဲရေးဝန်ကြီးဌာန အဆောက်အအုံတို့ကို စက်သေနတ်များနှင့် လက်ပစ်ဗုံးများ အသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

မည်သည့် ရည်ရွယ်ချက်အရ တိုက်ခိုက်မှုပြုလုပ်သည်ကို ရှင်းလင်းစွာ မသိရပေ။ သမ္မတ မာဒူရို၏ အစိုးရအဖွဲ့ကို ဖြုတ်ချရန် ရည်ရွယ်ခြင်း ရှိ၊မရှိ စုံစမ်းစစ်ဆေးမှု ပြုလုပ်သွားရန် လိုအပ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ယင်းတိုက်ခိုက်မှုကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာ မရခဲ့ပေ။ ပစ်ခတ်လိုက်သော လက်ပစ်ဗုံးများအနက် လက်ပစ်ဗုံးတစ်လုံးမှာ ပေါက်ကွဲမှု မရှိဟုဆိုသည်။

တိုက်ခိုက်မှုမှာ နှစ်နာရီခန့်ကြာမြင့်ခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများနှင့် ဒေသခံသတင်းသမားများက ပြောကြားကြသည်။ ရဲတပ်ဖွဲ့ပိုင် ရဟတ်ယာဉ်တစ်စင်းက



အထင်ကရ အဆောက်အအုံများကို ဝေဟင်မှ တိုက်ခိုက်ခဲ့ခြင်းဖြစ်သော်လည်း ယင်းရဟတ်ယာဉ်ကို အဘယ်ကြောင့် ပစ်ချမှုမရှိသည်ကိုလည်း ရှင်းလင်းစွာ မသိရပေ။

တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်သူများအနက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရှာဖွေတွေ့ရှိရခြင်း မရှိသေးကြောင်း၊ တိုက်ခိုက်ရာတွင် အသုံးပြုခဲ့သည့် ရဟတ်ယာဉ် မည်သည့်နေရာသို့ ရောက်ရှိနေသည်ကိုလည်း မသိရကြောင်း သတင်းတွင် ဖော်ပြသည်။ **ရိုက်တာ။**

# လူမှုကွန်ရက်ဖေ့စ်ဘွတ်ခ် သုံးစွဲသူအရေအတွက် နှစ်ဘီလီယံရှိပြီဖြစ်

**ကယ်လီဖိုးနီးယား ဇွန် ၂၈**
ကမ္ဘာပေါ်တွင် အကြီးဆုံးလူမှုကွန်ရက်ဖြစ်သည့် ဖေ့စ်ဘွတ်ခ်ကို လစဉ်ပုံမှန် အသုံးပြုသူဦးရေသည် နှစ်ဘီလီယံခန့် ရောက်ရှိသွားပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဖေ့စ်ဘွတ်ခ် လူမှုကွန်ရက်၏ အမှုဆောင်အရာရှိချုပ် ဇူကာဘတ်ဂ်က ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်ကို အသုံးပြုသူဦးရေသည် တရားဝင်အရေအတွက်အရ နှစ်ဘီလီယံသို့ ရောက်ရှိသွားပြီဖြစ်ကြောင်း ဇွန် ၂၇ ရက်တွင် ပြောကြားခဲ့သည်။

၂၀၀၄ ခုနှစ်တွင် ဟားဗက်တက္ကသိုလ်ကျောင်းသား ဇူကာဘတ်ဂ်က ကျောင်းသားအချင်းချင်း ဆက်သွယ်ပြောဆိုအသုံးပြုနိုင်ရေးအတွက်ရည်ရွယ်ပြီး ဖေ့စ်ဘွတ်ခ်ကွန်ရက်ကို စတင်တည်ထောင်ခဲ့သည်။

ယခုအချိန်တွင် ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက် အသုံးပြုသူအရေအတွက်သည် တရုတ်နိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလျက်ရှိသည့် WeChat လူမှုကွန်ရက်ထက် အသုံးပြုသူဦးရေ နှစ်ဆပိုများကြောင်းသိရသည်။

သို့သော် ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်တွင် သတင်းမှားများအပါအဝင် အကြမ်းဖက်လုပ်ရပ်များကို ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်များကို ဖြန့်ဝေအသုံးပြုသည့် အကောင့်အများအပြားတွေ့ရှိရကြောင်း အမှုဆောင်အရာရှိချုပ် ဇူကာဘတ်ဂ်က ပြောကြားခဲ့သည်။

ထိုကဲ့သို့သော ပြဿနာများကို ကာကွယ်နိုင်ရန် နည်းလမ်းများရှာဖွေလျက်ရှိသည်ဟု ၎င်းကဆိုသည်။
**အင်န်အိတ်ချ်ကေ။**







# လော့စ်အိန်ဂျလိစ် ပင်လယ်ဆိပ်ကမ်း၌ ဆိုက်ဘာတိုက်ခိုက်မှု ဖြစ်ပွား

**လော့စ်အိန်ဂျလိစ် ဇွန် ၂၈**
ဆိုက်ဘာတိုက်ခိုက်မှု (ကွန်ပျူတာ ကွန်ရက်တိုက်ခိုက်မှု) ကြောင့် ဥရောပတွင် လုပ်ငန်းများ ကသောင်းကနင်းဖြစ်ခဲ့ရပြီးနောက် ဇွန် ၂၇ ရက်တွင် အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့၏ အကြီးဆုံးပင်လယ်ဆိပ်ကမ်းတွင် လုပ်ငန်းလည်ပတ်မှုများ ရပ်ဆိုင်းသွားခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ကုန်သွယ်ရေကြောင်း သင်္ဘောအရေအတွက်၏ ၁၆ ရာခိုင်နှုန်းအတွက် ဝန်ဆောင်မှုပေးနေသော A.P. Moller-Maersk သင်္ဘောကုမ္ပဏီက ဖွင့်လှစ်ထားသော APM ဂိတ်ရှိ ကုမ္ပဏီ၏ အိုင်တီစနစ် နှောင့်ယှက်ခံရသဖြင့် ဇွန် ၂၇ ရက်တွင် နာရီပေါင်းများစွာ ကြာအောင် လုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ရကြောင်း လော့စ်အိန်ဂျလိစ်နေ့စဉ်သတင်းစာတွင် ဖော်ပြသည်။

ဆိုက်ဘာတိုက်ခိုက်မှုကြောင့် Maersk ကုမ္ပဏီ၏ အိုင်တီစနစ်ထိခိုက်ခဲ့ရကြောင်း ကုမ္ပဏီ၏ ပြောခွင့်ရပုဂ္ဂိုလ်၏ ပြောကြားချက်ကို ကိုးကား၍ လော့စ်အိန်ဂျလိစ်နေ့စဉ်သတင်းစာက ရေးသားဖော်ပြသည်။

ဆိုက်ဘာတိုက်ခိုက်ခံရမှု အခြေအနေကို သုံးသပ်လေ့လာနေကြောင်း၊ ကုမ္ပဏီ၏ စီးပွားရေးယူနစ်များ ထိခိုက်ခဲ့ရမှုကို လေ့လာနေကြောင်း ၎င်းက ပြောကြားသည်။

ရုရှားနိုင်ငံ၏ ထိပ်တန်းရေနံထုတ်လုပ်ရေးလုပ်ငန်းဖြစ်သော Rosneft ကုမ္ပဏီနှင့် ယူကရိန်းနိုင်ငံရှိ ကူးသန်းရောင်းဝယ်ရေးဘဏ် အများအပြား၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ကုမ္ပဏီများမှာလည်း ဆိုက်ဘာတိုက်ခိုက်မှု ခံခဲ့ရသည်။

ဇွန် ၂၇ နှင့် ၂၈ ရက်တို့တွင် APM ဂိတ်၌ မည်သည့် သင်္ဘောမျှ ဆိုက်ကပ်မည် မဟုတ်ကြောင်း၊ ထရပ်ကားများ လာရောက်ခြင်းမပြုရန်လည်း အသိပေးအကြောင်းကြားထားကြောင်း သတင်းစာတွင် ဖော်ပြထားသည်။

ဆိုက်ဘာတိုက်ခိုက်ခံရမှုကြောင့် နာရီအတန်ကြာမျှ ကွန်ပျူတာစနစ် ရပ်ဆိုင်းသွားခြင်းကြောင့် သွင်းကုန်နှင့် ထုတ်ကုန်လုပ်ငန်းရှင်များ အဆင်မပြေဖြစ်ခဲ့ကြရပြီး လက်ကားအရောင်းဆိုင်များ၊ လက်လီအရောင်းဆိုင်များနှင့် ရှယ်ယာအစုရှင်များအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း ကျွမ်းကျင်သူများက ပြောကြားကြသည်။
**ဆင်ဟွာ။**

❖

# တရုတ်ရေတပ်အတွက် ဖျက်သင်္ဘောသစ်ရေချပွဲ ကျင်းပ

**ရှန်ဟိုင်း ဇွန် ၂၈**
အလေးချိန်တန် ၁၀၀၀၀ ရှိ ဖျက်သင်္ဘောသစ်တစ်စင်း ရေချပွဲ အခမ်းအနားကို ဇွန် ၂၇ ရက်က တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ကျိန်းနွန်သင်္ဘောကျင်းတွင် ပြုလုပ်ခဲ့ကြောင်း၊ ယင်းဖျက်သင်္ဘောကို တရုတ်နိုင်ငံတွင် ပုံစံထုတ်ကာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရေတပ်၏ အသစ်လွင်ဆုံး စစ်သင်္ဘောတစ်စင်းဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တရုတ်ရေတပ်၏ ပထမမျိုးဆက်သစ် ဖျက်သင်္ဘောသစ်တွင် လေကြောင်းရန်ကာကွယ်ရေးစနစ်၊ ဒုံးခွင်းဒုံးစနစ်၊ သင်္ဘောဖျက်ဒုံးလက်နက်များနှင့် ရေငုပ်သင်္ဘောတိုက်ဖျက်သည့် လက်နက်စနစ်များ တပ်ဆင်ထားသည်။

အင်အားတောင့်တင်းခိုင်မာပြီး ခေတ်မီသော ရေတပ်တည်ဆောက်ရေးအတွက် အဆိုပါ ဖျက်သင်္ဘောကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်ရေတပ်အတွက် သမိုင်းမှတ်တိုင်တစ်ရပ် စိုက်ထူနိုင်ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဖျက်သင်္ဘောသစ်၏ လက်နက်စနစ်များ လုပ်ဆောင်မှု၊ ကျောက်ချရပ်နားမှုနှင့် ခုတ်မောင်းမှု စမ်းသပ်မှုတို့ကို အစီအစဉ်အတိုင်း လုပ်ဆောင်သွားမည်ဖြစ်သည်။

ဖျက်သင်္ဘောသစ်ရေချပွဲသို့ ဗဟိုစစ်ရေးကော်မရှင်အောက်ရှိ စစ်လက်နက်ပစ္စည်းများ ဖွံ့ဖြိုးရေးဌာနအကြီးအကဲ ကျန်းယောက်ဆာ တက်ရောက်ခဲ့သည်။

**ဆင်ဟွာ။**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို နီပေါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၂၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် နီပေါ သံအမတ်ကြီး H.E. Mr. Bhim K Udas အား ယနေ့ နံနက် ၉ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ရုံးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် သာသနာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ❒ ၂၀၁၇ ခုနှစ်မှ

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇ ခုနှစ် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာထုတ်ပြန်ရေးကိစ္စအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၇/၂၀၁၇)နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က မိမိတို့နိုင်ငံ၏ ပြည်ပကြွေးမြီ စုစုပေါင်းမှာ ဒေါ်လာသန်းပေါင်း ၉၀၀၀ နီးပါးရှိနေပြီး မြီရှင်အနေဖြင့် နိုင်ငံခြားအစိုးရများ၊ အစိုးရမဟုတ်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ပြည်ပကြွေးမြီအများစုသည် သက်သာမှုရှိသည့် ချေးငွေများဖြစ်သည်ဟု ယေဘုယျကောက်ချက်ချထားသည်ကို တွေ့ရကြောင်း။

ယင်းမှာ မြီရှင်နိုင်ငံ အဖွဲ့အစည်းအများစု၏ သက်သာသည့် အတိုးနှုန်းအား အပေါ်ယံကြည့်ပြီး လွယ်လွယ်ပြောသည့်သဘော ဖြစ်နေကြောင်း၊ တိုင်းပြည်မှ ထမ်းထားရသည့် ပြည်ပကြွေးမြီဆိုင်ရာ အတိုးနှုန်းမှာ သက်သာမှု ရှိ၊ မရှိ ဆိုသည်ကို မြီရှင်အရေအတွက်နှင့် ချဉ်းကပ်သုံးသပ်အဖြေထုတ်လျှင် မှန်ကန်မှုမရှိနိုင်ဟု ယူဆနိုင်ကြောင်း၊ ပြည်ပချေးငွေများ၏ ပျမ်းမျှအတိုးနှုန်းသည် ၁ ဒသမ ၈၅ ရာခိုင်နှုန်းဖြစ်ပြီး အတိုးနှုန်း သုညမှ ၄ ဒသမ ၅ ရာခိုင်နှုန်း အတွင်းရှိကြောင်း။

ပြည်ပချေးငွေအများစု၏ ဆိုင်းငံ့ကာလသည် အများဆုံး ၁၀ နှစ်အထိ ဆိုသော်လည်း မိမိတို့နိုင်ငံထမ်းထားရသည့် ချေးငွေစုစုပေါင်း၏ ၄၄ ရာခိုင်နှုန်း ရှိသည့် တရုတ်နိုင်ငံချေးငွေအများစုမှာ လေ့လာသိရှိရသလောက် ဆိုင်းငံ့ကာလ ၅ နှစ် ဝန်းကျင်သာရှိသည်ကို သတိချပ်သင့်ကြောင်း၊ ယခုကိစ္စကို အလေးအနက်ထား မီးမောင်းထိုးပြနေခြင်းသည် လွှတ်တော်သို့ တင်သွင်းလာသည့် ကာလလတ်ကြွေးမြီ စီမံခန့်ခွဲမှု မဟာဗျူဟာမှာ တိုင်းပြည်၏ ပြည်ပကြွေးမြီ ဝန်ထုပ်ဝန်ပိုးတွင် မည်သည့်အစိတ်အပိုင်းက အဓိကကျအရေးပါနေသည်ကို ပေါ်လွင်ထင်ရှားစေလိုသည့်အတွက်ဖြစ်ကြောင်း။

တိုင်းပြည်၏ လက်ရှိကြွေးမြီဝန်ထုပ်ဝန်ပိုးကို မှန်မှန်ကန်ကန် သိမြင်ခြင်းအားဖြင့် ကာလလတ်မဟာဗျူဟာရေးဆွဲရာတွင် အနာဂတ်ကာလဆောင်ရွက်မည့် အစီအမံများအပြင် လက်ရှိ ကြွေးမြီဝန်ထုပ်ဝန်ပိုးများကိုပါ မည်သည့်နည်းလမ်းဖြင့် သက်သာအောင် စီမံဆောင်ရွက်မည်ကို ထည့်သွင်းစဉ်းစားစေလိုသည့်အတွက်ဖြစ်ကြောင်း ဆွေးနွေးသည်။

လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သိက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ပြည်တွင်းပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးကို ဖော်ပြသင့်ကြောင်း၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာမူကြမ်းတွင် ပြည်တွင်းပြည်ပ ကြွေးမြီ၏ ဂျီဒီပီအချိုးသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်သည် ကြွေးမြီလျော့နည်းသွားသည့် သဘောမျိုးတွေ့ရှိရကြောင်း၊ ကြွေးမြီခံနိုင်ရည်ရှိမှုကို ထိန်းသိမ်းထားနိုင်ရန်နှင့် ကြွေးမြီဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ လျော့နည်းစေရန် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နှစ်နိုင်ငံအစိုးရတို့မှ အတိုးနှုန်းသက်သာသော ချေးငွေများ၊ အတိုးနှုန်းသင့်တင့်သည့် ချေးငွေများ ရယူဆောင်ရွက်သင့်ပါကြောင်း၊ အစိုးရ၏ ကြွေးမြီဆိုင်ရာ ဆောင်ရွက်မည့် အဓိကလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ နိုင်ငံတော်၏ စီးပွားရေးမူဝါဒကို အထောက်အကူပြုမည့် စီမံကိန်းလုပ်ငန်းများ အနက် အတိုးနှုန်းသက်သာသောချေးငွေများ၊ အတိုးနှုန်းသင့်တင့်သည့် ချေးငွေများကို ဦးစားပေးရယူရန် ဖြည့်စွက်အကြံပြုအပ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်နှင့် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်တို့ကလည်း ဆွေးနွေးကြသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေအရ ကာလလတ်ကြွေးမြီ စီမံခန့်ခွဲမှုမဟာဗျူဟာကို အနည်းဆုံး နောက်ဘဏ္ဍာနှစ် ၃ နှစ်ကာလအတွက် နှစ်စဉ်ပုံမှန်ရေးဆွဲတင်ပြရမည်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာကို တင်ပြစဉ်အချိန်က ပြည်တွင်း၊ ပြည်ပကြွေးမြီအခြေအနေကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်၏ အခြေအနေကိုသာ ဖော်ပြနိုင်ခဲ့ကြောင်း၊ နောင်ဘဏ္ဍာရေးနှစ်များအတွက် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ တင်ပြသည့်အခါ ဘဏ္ဍာနှစ် ကုန်ဆုံးပြီးချိန်မှသာ တင်ပြသွားမည်ဖြစ်ကြောင်း။

မကြာမီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြမည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အစိုးရကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါကြောင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေစာရင်းအရ ဖြစ်ပေါ်လာသော လိုငွေပေါ် မူတည်၍ ပြည်တွင်း၊ ပြည်ပမှ ချေးယူနိုင်သည့် အများဆုံးပမာဏမှာ ငွေကျပ် ၅၂၀၀ ဘီလီယံ ခန့်မှန်းလျာထားကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ တင်သွင်းချိန်တွင် ဘတ်ဂျက်လိုငွေသည် မူလလျာထားသည့် ပမာဏထက် ပိုမိုခြင်း၊ လျော့နည်းခြင်းများရှိနိုင်ကြောင်း၊ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြုပြင်ပြီး အရအသုံးခန့်မှန်းခြေစာရင်းပေါ် မူတည်၍ ငွေချေးယူနိုင်သည့် အများဆုံးပမာဏမှာလည်း ပြောင်းလဲနိုင်ပါသဖြင့် အထက်ပါ ပမာဏများ ပြောင်းလဲနိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုစနစ် အားကောင်းလာစေရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ငွေတိုက်ဦးစီးဌာနက အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေစသည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာ အကူညီဖြင့် နိုင်ငံတကာအဆင့်နှင့်အညီ ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် အစိုးရ၏ကြွေးမြီဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာတို့ကို ပြည်ထောင်စုလွှတ်တော်သို့ ပုံမှန်တင်ပြသွားမည်ဖြစ်ပါ၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ထားပြီး ဖြစ်သောကြောင့် "၂၀၁၇ ခုနှစ် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ"အား ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ အစီရင်ခံစာ(၇/၂၀၁၇)ကို လွှတ်တော်က သဘောတူလက်ခံရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**မျိုးမြင့်၊ အေးအေးသန့်(သတင်းစဉ်)**

# ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ညှိအဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာန (DFID/UKAid)၏ အခြေခံအဆောက်အအုံဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Ms. Kirstyn Thomson နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံးညှိခန်းမ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းများနှင့် အကဲဖြတ်သုံးသပ်သည့်လုပ်ငန်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ လှိုင်မြစ်နှင့် ဒုဋ္ဌဝတီမြစ်တို့တွင် ဆောင်ရွက်လျက်ရှိသည့် ရေအရည်အသွေး ဆန်းစစ်ခြင်းဆိုင်ရာလုပ်ငန်းများ၊ ပဲခူးမြစ်နှင့် စစ်တောင်းမြစ် ရေဝေရေလဲဒေသ စီမံအုပ်ချုပ်မှု လုပ်ငန်းများ၊ မြေယာအသုံးချမှု မူဝါဒရေးဆွဲပြီးနောက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

# ရွှေတောင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး

**ရွှေတောင် ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ရွှေတောင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးကို ဇွန် ၂၄ ရက်က ရွှေတောင်မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့နာယက ဗိုလ်ကြီးအေးသစ်(ငြိမ်း)နှင့်အမှုဆောင်အဖွဲ့ တိုင်းကြီးကြပ်ရေးဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ညွန့်(ငြိမ်း)တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ရွှေတောင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် ငွေစုငွေချေးသမဝါယမလီမိတက်ဥက္ကဋ္ဌ ဗိုလ်ကြီးဝင်းမြင့်(ငြိမ်း)က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို အစီရင်ခံတင်ပြပြီး ဘဏ္ဍာရေးရှင်းတမ်းကို အမှုဆောင်အဖွဲ့ဝင်တစ်ဦးက အစီရင်ခံတင်သွင်းသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မီဒီယာများ တက်ရောက်ကြကြောင်းသိရသည်။

**ကြည်နိုင်(ရွှေတံခါး)**

# ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အပြစ်မဲ့ပြည်သူများ သတ်ဖြတ်ခံရမှုစာရင်း

## (၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဇွန်လ ၂၇ ရက်နေ့အထိ)

| စဉ် | ရက်စွဲ | အမည် | မြို့နယ်/ကျေးရွာ | သေဆုံး | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ၅-၁၀-၂၀၁၆ | မောင်မောင်စိုး (ခ) ရှုနာများ | ဦးရှည်ကျကျေးရွာ | ၁ | တစ်ရွာတည်းနေ ကဖားတူလလာ၏နေအိမ်တွင် ပြတ်ရှဒဏ်ရာ (၁၂)ချက်ဖြင့် သေဆုံး။ |
| ၂။ | ၅-၁၀-၂၀၁၆ | မာမတ်တာလီ | ဦးရှည်ကျကျေးရွာ | ၁ | ပြတ်ရှဒဏ်ရာ (၁၉)ချက်ဖြင့် သေဆုံး။ |
| ၃။ | ၁၄-၁၀-၂၀၁၆ | စိစစ်ဆဲ | မောင်တောမြို့နယ် မြို့သူကြီးကျေးရွာ | ၁ | မြို့သူကြီးကျေးရွာ မိုင်တိုင်အမှတ် (၁၄) လမ်းဘေးရေမြောင်းအတွင်း လည်ပင်းပြတ်ရှဒဏ်ရာဖြင့် သေဆုံးပုပ်ပွနေသည့် အလောင်း (၁) လောင်းအား တွေ့ရှိ။ |
| ၄။ | ၁၇-၁၁-၂၀၁၆ | ဂျာမ (ခ) ဖော်မာဟူဆွန် | ဂေါ်ဒူသာရ (အနောက်) | ၁ | အမကကျောင်းအနီးတွင် လည်ပင်းပြတ်ရှဒဏ်ရာများဖြင့် သေဆုံး။ |
| ၅။ | ၂၁-၁၂-၂၀၁၆ | ဒုစ်မာမတ်(ခ) ရှုနာမျာ | ငါးခူရ(အလယ်)ရွာ | ၁ | သတင်းထောက်များ၏ မေးမြန်းချက်များအား အမှန်အတိုင်းဖြေကြားခဲ့သူဖြစ်ပြီး ဦးခေါင်းမပါ၊ ဝဲနှင့် ယာ ပေါင်တို့တွင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံး။ |
| ၆။ | ၂၅-၁၂-၂၀၁၆ | ရော်ဖီ | ရေတွင်းကျွန်းကျေးရွာ | ၁ | ဝမ်းဗိုက်ထိုးသွင်း၊ လည်ပင်းထိုးသွင်း၊ လှီးဖြတ်ဒဏ်ရာများဖြင့် သေဆုံး။ |
| ၇။ | ၂၈-၁၂-၂၀၁၆ | ဆွေဒူအာမိ | လင်ဘာကုန်းနားကျေးရွာ | ၁ | ချောင်းစပ်တွင် လည်ပင်းလှီးဖြတ်ဒဏ်ရာဖြင့် သေဆုံး။ |
| ၈။ | ၂၀-၁-၂၀၁၇ | စွန်တာအာမတ်၊ မာမတ်ရှော်ဖီး နှင့် မာမတ်စူပိုင် | ဒုံးကုလားကျေးရွာ | ၃ | ပဒကားရွာသစ်အုပ်ချုပ်ရေးတာဝန်ခံ မာမက်နူရ်မှ ပျောက်ဆုံးကြောင်း သတင်းပို့ခဲ့၊ စွန်တာအာမတ်(ဦးခေါင်း၊ ယာနား၊ နှာခေါင်း)၊ မာမတ်ရှော်ဖီး(ဦးခေါင်းနှင့် မျက်လုံး)၊ မာမတ်စူပိုင် (ဦးခေါင်းနှင့် မျက်နှာ)တို့၌ ဒဏ်ရာများအသီးသီးဖြင့် သေဆုံး။ |
| ၉။ | ၂၈-၁-၂၀၁၇ | ဇော်ကီးအာမောက် | ပြောင်ပိုက်ကျေးရွာ | ၁ | ထောက်ပံ့ရေးပစ္စည်းထုတ်ယူပြီးအပြန်တွင် ပုစွန်ကန်အစပ် ရွှံ့နွံတွင်း၌ (လည်ပင်း၊ မျက်နှာ၊ နံဘေး၊ ရင်အုံ၊ ယာဒူး)ဒဏ်ရာများဖြင့် သေဆုံး။ |
| ၁၀။ | ၄-၂-၂၀၁၇ | အီဒရစ် | ဂွဆုံရွာအနီး ပုစွန်ကန် | ၁ | ရေခတ်ချောင်းရွာရှိ မာမတ်ဆလင်၏ နေအိမ်သို့ အစည်းအဝေးတက်ရန်အတွက် အဘူဆာဒတ်နှင့် ဆိုင်ကယ်ဖြင့် သွားရောက်စဉ် လူ (၁၀)ဦးခန့်မှ ဓားဖြင့်ထိုးသတ်ခံရ၍ သေဆုံး။ |
| ၁၁။ | ၂၀-၂-၂၀၁၇ | အဒူစလင် | မောင်တောမြို့နယ် ကျားခေါင်းတောင်ကျေးရွာ | ၁ | အကြမ်းဖက်မှုဖြစ်စဉ်ကာလအတွင်း သတ်ဖြတ်ခံရပြီး အလောင်းအား ခြံဝင်းအတွင်း မြှုပ်နှံထားသည်။ |
| ၁၂။ | ၂၄-၂-၂၀၁၇ | မာမတ်ကာစိမ်း | ရွှေဇားဂုံးနားကျေးရွာ | ၁ | ဖေဖော်ဝါရီ ၂၃ ရက်နေ့တွင် သူငယ်ချင်းဖြစ်သူနှင့်အတူ ဘောလုံးပွဲကြည့်ပြီးအပြန်တွင် စေတီပြင်ရွာနှင့် ရွှေဇားဂုံးနားရွာကြားတွင် နူရာလောင်ပါ (၄) ဦးမှ မာမတ်ကာစိမ်းအား လည်ဂုတ်ကိုဆွဲကိုင်ပြီး ခေါ်ဆောင်သွားရာမှ ပြဿချောင်းစပ်တွင် လည်ပင်း၌ ပုဆိုးကွင်းစွပ်လျက် လည်ပင်း ဝဲ/ယာ ပွန်းပဲ့၊ ညိုမည်း၊ နှာခေါင်းနှင့် ပါးစပ်မှ အမြှုပ်ထွက် သေဆုံးနေသည်ကို တွေ့ရှိခဲ့။ |
| ၁၃။ | ၂၆-၂-၂၀၁၇ | ထွန်းသာမောင် | ကျောက်စာတိုင်(ရခိုင်)ရွာ | ၁ | ဖေဖော်ဝါရီ ၂၄ ရက်နေ့တွင် သူငယ်ချင်းဖြစ်သူ အောင်ကျော်စိန်နှင့်အတူ သားရေကုန်းဘောင်ရွာအနီးတောစပ်တွင် အမည်မသိ (၃)ဦးမှ ပုဆိန်/ဓားများဖြင့်ခုတ်သဖြင့် အောင်ကျော်စိန်တွင် ယာကျောပြတ်ရှဒဏ်ရာ၊ ထွန်းသာမောင်တွင် လည်ပင်းနှင့် ယာကျောကုန်း ပြတ်ရှဒဏ်ရာများဖြင့် သေဆုံး။ |
| ၁၄။ | ၂-၃-၂၀၁၇ | နူရိကာရင် | ကျီးကန်းပြင်ကျေးရွာ | ၁ | ၁-၃-၂၀၁၇ ရက်နေ့ ၂၄း၀၀ အချိန် ကျီးကန်းပြင်ရွာနေ ဆယ်အိမ်မှူး (ဟောင်း) နူရိကာရင်အား မျက်နှာဖုံးစွပ် ကျား (၄) ဦး (စိစစ်ဆဲ)မှ လာရောက်ခေါ်ဆောင်သွားပြီး ၂-၃-၂၀၁၇ ရက်နေ့ ၁၆း၀၀ အချိန် ရွာတောင်ဘက်လယ်ကွင်းတွင် ထိုးသွင်း/ပြတ်ရှဒဏ်ရာတို့ဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့မှု။ |
| ၁၅။ | ၅-၃-၂၀၁၇ | ဇာမာဟူဆိန်း | ဆင်အိုးပြင်ကျေးရွာ | ၁ | မတ် ၅ ရက်နေ့တွင် မောင်ကြီးတောင်ကျေးရွာ၊ ရပ်ကွက် (၁)အနီး ချောင်းစပ်၌ ရင်ဘတ်ထိုးသွင်းဒဏ်ရာ (၁)ချက်၊ ဦးခေါင်းနောက်စေ့၊ နောက်ကျော၊ ဝဲနားရွက်/အောက်၊ ပေါင်၊ ယာလက်သူကြွယ် ပြတ်ရှဒဏ်ရာ (၈) ချက်ဖြင့် သေဆုံး။ |
| ၁၆။ | ၉-၃-၂၀၁၇ | မာမောက်ဆော်လီ | ဘူးသီးတောင်မြို့နယ် အထက်ကျွဲကြိုမော် ကျေးရွာအုပ်စု | ၁ | မာမောက်ဆော်လီသည် ဆယ်အိမ်မှူး အဘူလာရှိန်း (ဘ) လာလူးနှင့်အတူ ကာဒီ(၂) ကျေးရွာသို့ ထွက်ခွာသွားခဲ့ကာ မာမောက်ဆော်လီအား မာမောက်အီနုစ်နှင့် ဆယ်အိမ်မှူး အဘူလာရှိန်းတို့ပါ ကျား (၆)ဦးမှ ဓား/တုတ်များဖြင့် ရိုက်၊ ခုတ်ခဲ့။ |
| ၁၇။ | ၁၆-၃-၂၀၁၇ | ဆိုလီမုလ္လာ၊ တန်ဒါများ | ပွန်တီ(မြောက်)ရွာ မောင်တော | ၂ | မတ် ၁၅ ရက်နေ့၌ တန်ဒါများသည် နွားကျောင်းထွက်ရာမှ ပျောက်ဆုံးခဲ့ပြီး မတ် ၁၆ ရက်နေ့တွင် ကားလမ်းဘေးရေမြောင်းအတွင်း လည်ဂုတ်၊ နဖူး၊ ငယ်ထိပ်နှင့် ဝဲ၊ ယာနောက်စေ့ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့။ |
| ၁၈။ | ၃၁-၃-၂၀၁၇ | ရှီဗလီ | မြို့မရပ်ကွက် ဘူးသီးတောင်မြို့နယ် | ၁ | မတ် ၂၁ ရက် ၀၉း၃၀ အချိန် ဘူးသီးတောင်မြို့နယ် မြို့မရပ်ကွက်နေ ရှီဗလီသည် မိကျောင်းခေါင်းဆွဲကျေးရွာရှိ ယောက္ခမဖြစ်သူနေအိမ်သို့သွားမည်ပြောပြီး ထွက်သွား၍ ပျောက်ဆုံးခဲ့ရာမှ မတ် ၃၀ ရက် မြစ်နားကျေးရွာအနီး ကုလားပန်ဇင်ချောင်းရေလယ်တွင် ရှီဗလီ၏ အလောင်းအား ဒဏ်ရာများဖြင့် တွေ့ရှိခဲ့။ (ပျောက်ဆုံးပြီး အသေတွေ့ရှိ) |
| ၁၉။ | ၁-၄-၂၀၁၇ | ဟာမစ်ဒူလာ | ရပ်ကွက်(၂)တင်းမေရွာ နယ်မြေ(၁၀)ဘူးသီး တောင်မြို့နယ် | ၁ | တင်းမေရွာနေ ဟာမစ်ဒူလာသည် နေအိမ်၌ အိပ်ပျော်နေစဉ် ရော်ဖီးပါ (၇)ဦးမှ မျက်နှာဖုံးအနက်များစွပ်၍ အိမ်တံခါးအား ရိုက်ချိုးဝင်ရောက်ကာ တုတ်ဖြင့်ရိုက်၊ ဓားရှည်များဖြင့် ခုတ်သဖြင့် ဒဏ်ရာများဖြင့် ဟာမစ်ဒူလာသေဆုံးခဲ့။ |
| ၂၀။ | ၂-၄-၂၀၁၇ | အာနိုဝါရ် အာရှတ် | မောင်တောမြို့နယ် မြင်းလွတ်မြို့ အရှေ့ပိုင်းရပ်ကွက် | ၁ | နေအိမ်သို့ အမျိုးသား ၂ ဦးက လာရောက်ခေါ်ဆောင်သွားခဲ့ရာမှ ပြန်လည်ရောက်ရှိခြင်း မရှိ၍ လိုက်လံရှာဖွေရာ (၅) ရပ်ကွက် အရှေ့ဘက်မြေပဲများစိုက်ထားသည့် လယ်ကွင်းအတွင်း အာနိုဝါရ်အာရှတ်အား ဝဲချိုင်း အောက်/နောက်ကျော/ လက်မောင်းဒဏ်ရာ ၁၂ ချက်(ထိုးသွင်း ၅၊ ပြတ်ရှ ၇)နှင့် ယာမျက်လုံးပေါက်ထွက်ဒဏ်ရာတို့ဖြင့် သေဆုံးခဲ့။ |
| ၂၁။ | ၈-၄-၂၀၁၇ | ရော်ဖီး | ဘူးသီးတောင်မြို့နယ် ဘိုကြီးချောင်းကျေးရွာ | ၁ | တစ်ရွာတည်းနေ ဂူရာဆူတင် (၄၅) နှစ်ပါ ၃ ဦးမှ ရဲတင်းဖြင့်ခုတ်၊ ဓားနှင့်လှီးဖြတ်သတ်။ |
| ၂၂။ | ၁၈-၄-၂၀၁၇ | အာမီအာလီ | မောင်တောမြို့နယ် ဖွေယာရွာ | ၁ | နေအိမ်၌ ရှိနေစဉ် မျက်နှာဖုံးစွပ်ထားသူ (၁၀)ဦးခန့်မှ အိမ်အောက်သို့ ဆွဲချခဲ့ပြီး ဓားများဖြင့်ထိုးခုတ်၍သေဆုံး။ |
| ၂၃။ | ၂-၅-၂၀၁၇ | မာမတ်ဖွေယော့ | ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင် ကျေးရွာ | ၁ | နေအိမ်၌ရှိနေစဉ် မျက်နှာဖုံးစွပ်ထားသော အမည်မသိလူ(၅)ဦးမှ နေအိမ်အတွင်း ဝင်ရောက်လာပြီး ဆွဲခေါ်သွားသဖြင့် လိုက်လံရှာဖွေခဲ့ရာ ဒါးပိုင်ဆရာကျေးရွာ၌ ထိုးသွင်း ဒဏ်ရာ၊ ပြတ်ရှဒဏ်ရာတို့ဖြင့်သေဆုံး။ |
| ၂၄။ | ၅-၅-၂၀၁၇ | မာမတ်အာလမ် | မောင်တောမြို့နယ် သဝင်ချောင်းကျေးရွာ | ၁ | သဝင်ချောင်းကျေးရွာအရှေ့ဘက် ကိုက် (၃၀၀)ခန့်အကွာတွင် အလောင်းတစ်လောင်း တွေ့ရှိခဲ့ပြီး အလောင်းအနီးမှ KF-7စာသားပါ ကျည်ခွံတစ်ခုတို့အားတွေ့ရှိ။ |
| ၂၅။ | ၅-၅-၂၀၁၇ | အာရာအူလာ | မောင်တောမြို့နယ် သဝင်ချောင်းကျေးရွာ | ၁ | အာရာအူလာသည် ဆူရာလီကျေးရွာမှ အပြန်တွင် ခေါင်းဆောင်(စိစစ်ဆဲ)အဖွဲ့မှ မေယုတောင်ခြေသို့ ဖမ်းဆီးခေါ်ဆောင်သတ်ပစ်ခဲ့။ **စာမျက်နှာ ၇ သို့ ✳** |

### ❍ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲမှ

မြန်မာယူ-၂၂ (လေးဂိုး)

ကမ္ဘောဒီးယားယူ-၂၂ (တစ်ဂိုး)

ကမ္ဘောဒီးယားကို ဂိုးပြတ်အနိုင်ရခဲ့သောကြောင့် အိမ်ရှင်မြန်မာယူ-၂၂ အသင်း၏အဖွင့်လှခဲ့ပြီး ယုံကြည်မှုရှိစေခဲ့သည်။ MNL All star အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ခြေစမ်းပွဲထက် မြန်မာယူ-၂၂ အသင်းကစားပုံ ပိုကောင်းလာပြီး တိုက်စစ်မှူးအောင်သူ၏ ခြေစွမ်းပြမှုဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၂၂အသင်းသည် ယခုပွဲတွင် အနိုင်ရခဲ့သောကြောင့် ယခုပြိုင်ပွဲတွင် ချန်ပီယံဖြစ်ရန် မျှော်လင့်ချက်ပိုကောင်းသွားခဲ့သည်။

မြန်မာယူ-၂၂ အသင်းသည် MNL All Star အသင်းနှင့်ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဘုန်းသစ္စာမင်း၊ နန်းဝေမင်း၊ ထိုက်ထိုက်အောင်၊ သီဟထက်အောင်၊ ဟိန်းသီဟဇော်၊ လှိုင်းဘိုဘို၊ ရန်နိုင်ဦး၊ မောင်မောင်လွင်၊ စည်သူအောင်၊ သန်းပိုင်၊ အောင်သူတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာယူ-၂၂ အသင်းတိုက်စစ်ကို အောင်သူက ဦးဆောင်ခဲ့ပြီး ကမ္ဘောဒီးယားနောက်တန်းကို အချိန်ပြည့်ခြိမ်းခြောက်နိုင်ခဲ့သည်။ တိုက်စစ်မှူးသန်းပိုင်သည် ၁၅မိနစ်အတွင်း ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးနှစ်ကြိမ်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ၁၇ မိနစ်တွင် မြန်မာအသင်းအဖွင့်ဂိုးရခဲ့ပြီး ပြစ်ဒဏ်ဘောကို လှိုင်းဘိုဘိုက တိုက်ရိုက်ကန်မသွင်းဘဲ ဖန်တီးပေးခဲ့ရာ အောင်သူက ကမ္ဘောဒီးယားနောက်ခံလူများကို ကျော်ဖြတ်ပြီး ကန်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ပိုဖိကစားနိုင်ခဲ့ပြီး ကမ္ဘောဒီးယားအသင်းက တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့သည်။ ၄၁ မိနစ်တွင် မြန်မာအသင်းဒုတိယဂိုးရခဲ့ပြီး အောင်သူက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းအစတွင် မြန်မာအသင်းက သန်းပိုင်အစား ရန်ပိုင်စိုးကို ထည့်သွင်းကစားခဲ့သည်။ ၄၆ မိနစ်တွင် ကမ္ဘောဒီးယားအသင်းချေပဂိုးပြန်ရခဲ့ပြီး ရီချန်ကပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဒီးယားအသင်းသည် ချေပဂိုးပြန်ရခဲ့သော်လည်း မြန်မာအသင်းကို အသာရအောင်မကစားနိုင်ခဲ့ဘဲ ဂိုးထပ်ပေးခဲ့ရသည်။ ၆၃ မိနစ်တွင် မြန်မာအသင်း တတိယဂိုးရခဲ့ပြီး မောင်မောင်လွင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၂၂ အသင်းအတွက် စတုတ္ထဂိုးကို ၆၆ မိနစ်တွင် အသင်းခေါင်းဆောင် စည်သူအောင်က အဝေးမှကန်သွင်းယူခဲ့သည်။

ညနေ ၃ နာရီက ကျင်းပသော ပထမပွဲတွင် ဂျပန်တက္ကသိုလ်အသင်းက ဟောင်ကောင်ယူ-၂၂ အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဂျပန်တက္ကသိုလ်အသင်းသည် ပထမပိုင်းကတည်းက နှစ်ဂိုးစလုံးသွင်းယူခဲ့ပြီး ၁၃ မိနစ်တွင် အီဆာကာ၊ မိနစ်၂၀ တွင် အူကီတာတို့က သွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဇွန် ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် ကမ္ဘောဒီးယားယူ-၂၂ အသင်းနှင့် ဂျပန်တက္ကသိုလ်အသင်း၊ ညနေ ၆ နာရီတွင် မြန်မာယူ-၂၂ အသင်းနှင့် ဟောင်ကောင်ယူ-၂၂ အသင်းတို့ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်**

### ● နန်စီပွန်ဒေသမှ

လွှတ်တော်သို့တင်သွင်းရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက အဆိုနှင့်စပ်လျဉ်း၍လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်၏အဆုံးအဖြတ်ကို ရယူရာ ခန္တီးမြို့နယ် အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တေးက စတင်ကန့်ကွက်ရာ ဆန္ဒမဲခွဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

“လက်ရှိခန္တီးမြို့နယ် နန်စီပွန်ဒေသမှာ ပုဒ်မ(၁၄၃)ထုတ်ထားတာ၊ ပုဒ်မ(၁၄၄)ထုတ်ဖို့မလိုအပ်ပါဘူး။ ပုဒ်မ(၁၄၄)ထုတ်လိုက်ရင် မလိုလားအပ်တဲ့ ပြဿနာတွေဖြစ်လာနိုင်တဲ့အတွက် မလိုအပ်ဘူးလို့ဆုံးဖြတ်ပြီး ဒီအဆိုကိုကန့်ကွက်တာပါ။ ပုဒ်မ(၁၄၃)ထုတ်ထားတာတောင် အသေအပျောက်တွေရှိနေတာ ပုဒ်မ(၁၄၄)ထုတ်ရင် ပိုဆိုးလာမှာ စိုးရိမ်စရာပါ”ဟု ခန္တီးမြို့နယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်တေးက ပြောကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

### ❁ ကျောဖုံးမှ

ဖက်ရှင်ရှိုးများ၊ သီဆိုဖျော်ဖြေတင်ဆက်မှုများ၊ လှပဆန်းပြားသည့် LED အပြင်အဆင်များအပြင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထင်ဟပ်ပေါ်လွင်စေမည့် “သွေးရင်းများပီပီ” သရုပ်ဖော်ပြကွက်များပါဝင်ခဲ့သည်။

ယနေ့ အမျိုးသားဇာတ်ရုံကြီးတွင် တင်ဆက်သည့် ဖျော်ဖြေပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ နာယကများနှင့် တာဝန်ရှိသူများက အမှတ်တရ ဂုဏ်ပြုပန်းစည်းများပေးအပ်ခဲ့သည်။

အဆိုပါ ဖျော်ဖြေပွဲအား အများပြည်သူများကြည့်ရှုနိုင်ရန် ဇွန် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် အမျိုးသားဇာတ်ရုံ (ရန်ကုန်)၌ ည ၇ နာရီမှစတင် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-သီသီမင်း၊ ဓာတ်ပုံ-အေးမင်းသူ(ကြေးမုံ)**

## နာဂဒေသတွင် ရောဂါဖြင့် လူလေးဦးသေဆုံး

**ခန္တီး ဇွန် ၂၈**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် တကားကျေးရွာတွင် ဇွန် ၂၀ ရက်မှစ၍ တုပ်ကွေးနှင့် ချောင်းဆိုးရင်ကျပ်ရောဂါများ ဖြစ်ပေါ်နေမှုကြောင့် ကလေးသုံးဦးနှင့် လူကြီးတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ တကားကျေးရွာသို့ အရေးပေါ်ဆေးဝါးများကုသပေးနိုင်ရန် ခန္တီးမြို့မှ ဆရာဝန်ကြီးများသည် ဇွန် ၂၈ ရက် နံနက် ၉ နာရီတွင် စက်လှေဖြင့် စတင်ထွက်ခွာသွားပြီဖြစ်ကြောင်း ခရိုင်ဆရာဝန်ကြီး ဒေါက်တာညွန့်စိန်ထံမှ သိရသည်။

**ခေါင်ရည်ချို(နာဂမြေ)**

# လေးလမ်းသွား အဆင့်မြှင့်တင်ထားသည့်အတွက် သွားလာမှုအဆင်ပြေ



ရဲအုပ်ဇင်အောင်လင်း



ကိုမျိုးလှိုင်



ကိုသက်ထွန်း



မကြာမီဖွင့်လှစ်တော့မည့် အာဆီယံဟိုက်ဝေးလမ်းအမှတ်(၁)လမ်းပိုင်းတွင် မော်တော်ယာဉ်များ သွားလာနေစဉ်။

စာရေးသူသည် လွန်ခဲ့သော ရက်သတ္တပတ်က နေပြည်တော် ပျဉ်းမနားမှ တပ်ကုန်းဘက်သို့ ခရီးစဉ်တစ်ခုဖြင့် ရောက်ဖြစ်ခဲ့ပါသည်။ ဟိုယခင် သွားလာစဉ်တုန်းက ယင်းရန်ကုန်-မန္တလေးလမ်းဟောင်းသည် နှစ်လမ်းသွားသာဖြစ်သောကြောင့် ကားကြီး၊ ကားသေးများဖြင့် ရှောင်တိမ်းလို့မလွယ်၊ ကျော်တက်ရန်ခက်ခဲခဲ့ပြီး ဆိုင်ကယ်အလာ လူလမ်းအကူးတို့ကို သတိရှိရှိဖြင့် မောင်းနှင်ခဲ့ရသည့်လမ်းဖြစ်သည်။ ယင်းလမ်းသည် ကုန်စည်စီးဆင်းရာ၊ ပို့ဆောင်ရာလမ်းကြောင်းဖြစ်သဖြင့် ကားကြီးအစီးရေတစ်ရက်ထက်တစ်ရက် ပိုမိုများပြားလာသည်။ ထိုသို့အကြောင်းများကြောင့် ရန်ကုန်-မန္တလေးလမ်းဟောင်းလမ်းပိုင်းများကို အပိုင်းပိုင်းခွဲကာ BOTစနစ်ဖြင့် ကုမ္ပဏီများသို့ လုပ်ကိုင်စေခဲ့သဖြင့် ယခုလေးလမ်းသွား ကတ္တရာလမ်းချောအဖြစ်သို့ တဖြည်းဖြည်းပြောင်းလဲလာသည်ကို တွေ့မြင်ရသည်။

ယခုရောက်ရှိခဲ့သည့် လမ်းပိုင်းဖြစ်သော နေပြည်တော်-ပျဉ်းမနားမှ တပ်ကုန်းလမ်းပိုင်း အခြေအနေကို မျက်မြင်သိရှိခဲ့ရသည်ကို တင်ပြသွားလိုပါသည်။ စာရေးသူတို့ ပျဉ်းမနားမှ ထွက်ခွာလာပြီး ရေဆင်းအလွန်၌ ကားကို ခေတ္တရပ်နားပြီး လမ်းသွားလမ်းလာများကို စုံစမ်းမေးမြန်းကြည့်ရာ “ဒီလမ်းက လေးလမ်းသွားကတ္တရာလမ်းချဲ့ထားတာ ပြီးသလောက်ရှိပြီ။ အလုံးစုံသိချင်ရင် သိုက်ချောင်းမရောက်ခင်မှာ ကုမ္ပဏီက တာဝန်ရှိသူတွေရှိတယ် မေးမြန်းကြည့်ပါလား”ဟုဆိုသဖြင့် ဆက်လက်မောင်းနှင်ထွက်ခွာလာရာ ဇေယျာသီရိဘောလုံးကွင်းရှေ့မြေသားများ ပြုပြင်နေသည့်အဖွဲ့သို့ ချဉ်းကပ်ခဲ့ပါသည်။ ၎င်းသည် Oriental High Way Company Limited မှ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းအောင်သင်းဖြစ်ကြောင်း၊ လမ်းအကြောင်းသိလိုပါက ရှင်းပြမည်ဟုဆိုလာသဖြင့် အဆိုပါလမ်းပိုင်းနှင့်ပတ်သက်၍ သိလိုသည်များကို အခါအခွင့်သင့်မေးမြန်းခွင့်ရခဲ့ပါသည်။

တာဝန်ခံအင်ဂျင်နီယာက “အခု ဖွင့်လှစ်တော့မယ့် လမ်းပိုင်းကတော့ ရန်ကုန်-တောင်ငူ-မိတ္ထီလာ-မန္တလေး ပြည်ထောင်စုလမ်းမကြီး (AH-1) အာဆီယံဟိုက်ဝေးလမ်း အမှတ်(၁)တွင်ပါဝင်တဲ့ သာဝတ္ထိအစပ်မှ တပ်ကုန်းမြို့နယ်အဝင်(သပြေချောင်းကျေးရွာ)အထိရှိတဲ့ မိုင် ၄၀ ရှိ လမ်းပိုင်းကိုပါ၊ ဒါပထမအဆင့် မိုင် ၄၀ အချောအဆင့်ပြီးသွားလို့ပါ၊ နောက်ဒုတိယအဆင့်အနေနဲ့ ၄၅ မိုင် ၂ ဖာလုံ ကျန်ပါသေးတယ်။ အဲဒီလမ်းပိုင်းကိုလည်း ၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းလောက်ပြီးစီးမယ်လို့ ခန်းမှန်းပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ တာဝန်ယူလုပ်ဆောင်ရမယ့် လမ်းပိုင်းကတော့ ရေတာရှည်-ပျဉ်းမနား-ရမည်းသင်းလမ်းပိုင်းဖြစ်ပါတယ်။ မိုင်အားဖြင့် ၁၉၄ မိုင် ၀ ဖာလုံမှ ရမည်းသင်း ၂၉၀ မိုင် ၀ ဖာလုံအထိ ဖြစ်ပါတယ်။ မိုင်အားဖြင့် ၈၅ မိုင် ၂ ဖာလုံ ရှိပါတယ်” ဟု ရှင်းပြသည်။

ဦးစိုင်းအောင်သင်း ရှင်းပြသည်ကို မှတ်သားပြီးနောက် ယင်းလမ်းပေါ်တွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တစ်ဖွဲ့ကိုတွေ့ရှိ၍ ယာဉ်အဖွဲ့မှ ရဲအုပ်အား လမ်းအခြေအနေကို ဆက်လက်မေးမြန်းခဲ့ပါသည်။

“ကျွန်တော်ကတော့ ရဲအုပ်ဇင်အောင်လင်း(ဇေယျာသီရိမြို့နယ်၊ ယာဉ်ထိန်းတပ်ဖွဲ့စု-၅)ကပါ။ လမ်းကတော့ ကောင်းသွားပြီ၊ လေးလမ်းသွားဖြစ်သွားတဲ့အတွက် ကားတွေမောင်းရတာလည်း တော်တော်အဆင်ပြေသွားတယ်။ ကားတွေတစ်စီးနဲ့တစ်စီး ကျော်တက်မယ်ဆိုရင် တွဲကားကြီးတွေဆိုရင် အဆင်မပြေဘူး၊ ရှေ့ကသွားတဲ့ ကားနောက်ကပဲ ထိန်းလိုက်မယ်ဆိုရင် ယာဉ်အန္တရာယ်လည်းကင်းရှင်းမယ်။ ဆိုင်ကယ်စီးတဲ့လူတွေကို အကြံပေးချင်တာကတော့ ဒီလမ်းမှာက ကားအသွားအလာ တအားများတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း လက်ယာကပ်မောင်းစနစ်ကို ကျင့်သုံးနေတာဆိုတော့ ဆိုင်ကယ်မောင်းတဲ့သူတွေအနေနဲ့ လက်ယာကပ်ပြီး စနစ်တကျမောင်းသင့်တယ်။ လမ်းမရှင်းဘဲနဲ့တော့ ကျော်မတက်သင့်ဘူး၊ တချို့တွေကျတော့လည်း အရှိန်နဲ့မောင်းလာပြီး ကျော်တက်တယ်။ အဲဒါမျိုးတွေကျတော့ ယာဉ်တိုက်မှုအန္တရာယ်တွေ ဖြစ်တာများတယ်။ ကျွန်တော်တို့ဒီမှာက အဖွဲ့အစုံနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆောင်ရွက်နေတဲ့အချိန်မှာတော့ လမ်းလယ်ကြောမှာ ယာဉ်ထိန်းတစ်ယောက်ထားပြီး နောက်ကမောင်းလာတဲ့ကားတွေကို ယာဉ်အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ပေးတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ ပတ်သက်ပြီး ပညာပေးတွေလုပ်တယ်၊ ယာဉ်အန္တရာယ်ကင်းရှင်းလျော့ကျစေရေးကို အလှည့်ကျတာဝန်ကျတဲ့သူတွေအနေနဲ့လည်း အသိပေးပြောပြနေပါတယ်”ဟု ပြောသည်။

ယင်းနောက် ပေါင်းလောင်းယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးဖြစ်သူ ကိုမျိုးလှိုင်ကလည်း “ယာဉ်မောင်း သက်တမ်းကတော့ ငါးနှစ်ရှိပါပြီ။ ဒီလမ်းကို နေ့စဉ်မောင်းနေတာပါ၊ လမ်းမပြင်ခင်ကတည်းကပါ။ အရမ်းတုန်းက လမ်းက ချိုင့်တွေဘာတွေရှိတော့ သွားရတာ အချိန်တော့နည်းနည်းကြန့်ကြာတာပေါ့။ အခုကတော့ လမ်းကလည်းကောင်းသွားတော့ မောင်းရတာ အချိန်ကြန့်ကြာမှုနည်းသွားပါတယ်။ ယာဉ်အန္တရာယ်အနေနဲ့ကတော့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိုလိုက်နာပြီး စနစ်တကျသတ်မှတ်ထားတဲ့ မိုင်နှုန်းနဲ့ မောင်းမယ်ဆိုရင်တော့ အန္တရာယ်ကင်းရှင်းမယ်လို့ ထင်ပါတယ်။ တွဲကား၊ လိုင်းကား၊ ကိုယ်ပိုင်ကားပေါင်းစုံနဲ့ ဆိုင်ကယ်တွေကို သူ့လမ်းကြောင်းနဲ့သူ သတ်မှတ်မောင်းခိုင်းရင်တော့ ပိုကောင်းပါတယ်။ အခုက အတင်းကျော်တက် မောင်းနှင်မှုတွေလည်း တွေ့ရတတ်ပါတယ်။ အခုလို ကားလမ်းကို အဆင့်မြှင့်တင်ပေးလိုက်တဲ့အတွက် ခရီးသွားပြည်သူတွေအနေနဲ့ရော ကျွန်တော်တို့လို ကားသမားတွေအတွက်ပါ အကျိုးရှိပါတယ်။ ဒါပေမယ့် လမ်းကောင်းသွားတဲ့အပေါ်မှာ စနစ်တကျသွားလာမောင်းနှင်ကြမယ်ဆိုရင်တော့ အကောင်းဆုံးပါလို့ ပြောချင်ပါတယ်။ ကျန်တဲ့လမ်းပိုင်းတွေကိုလည်း ဒီလိုလမ်းမျိုးဖြစ်အောင် လုပ်ဆောင်ပေးမယ်ဆိုရင် ပိုကောင်းပါတယ်”ဟု ပြောသည်။

ဇေယျာသီရိမြို့နယ် ဗောဓိမြိုင်ရပ်ကွက်မှ ဆိုင်ကယ်စီးနင်းသူ ကိုသက်ထွန်းကလည်း “ဒီလမ်းကြီးကို စခင်းတာတော့ လေးငါးလလောက်ရှိပြီလို့ထင်တယ်။ အခုလိုလမ်းသစ်ကြီးခင်းပေးတဲ့အတွက် အများကြီးကောင်းပါတယ်။ လမ်းဟောင်းထက်လည်း အများကြီးကောင်းပါတယ်။ လမ်းလည်းကျယ်တယ်။ မောင်းနှင်ရတာလည်းချောမွေ့မှုရှိတယ်။ သွားရလာရတာလည်း အရင်ထက်အဆင်ပြေတယ်။ အရင်တုန်းက လမ်းကလည်းကျဉ်းတော့ ယာဉ်တိုက်မှုတွေဆိုလည်း မကြာခဏကြားရတတ်တယ်။ ကြားရတယ်ဆိုတာလည်း လမ်းကြောင့်တစ်ခုတည်းတော့ မဟုတ်ပါဘူး၊ မောင်းနှင်သူတွေရဲ့ ပေါ့ဆမှုတွေလည်း ရှိနိုင်ပါတယ်။ အခုဒီလမ်းကြီး ဖွင့်လှစ်ပေးလိုက်တဲ့အချိန်မှာတော့ မကြာတော့ပါဘူး။ ဘယ်လမ်းကိုပဲမောင်းမောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာရင်တော့ ယာဉ်တိုက်မှုတွေ နည်းသွားမယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ နယ်ခံတွေအနေနဲ့လည်း ဒီလမ်းကြီးဖွင့်လှစ်ပေးတဲ့အတွက် သွားလာမှု၊ ကုန်စည်သယ်ဆောင်မှု အချိန်ကအစ သက်သာအဆင်ပြေသွားပါတယ်။ ဒီလိုကောင်းမွန်တဲ့လမ်းတွေ အများကြီးရှိလာမယ်ဆိုရင်တော့ အလွန်ကောင်းပါတယ်။ ကျွန်တော်တို့လို ဆိုင်ကယ်မောင်းနှင်သူတွေအတွက် ဆိုင်ကယ်မောင်းတဲ့ သီးသန့်သွားလမ်းလေးတွေ သတ်မှတ်ပေးရင်တော့ ပိုအဆင်ပြေမယ်လို့ ထင်ပါတယ်။ ယာဉ်အန္တရာယ်အတွက်လည်း ကောင်းသွားတာပေါ့”ဟု ပြောပြခဲ့သည်။

စာရေးသူ ကြုံဆုံခိုက် လေ့လာမေးမြန်းခဲ့သည်များကို ပြန်လည်တင်ပြခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး တစ်စထက်တစ်စ ပိုမိုကောင်းမွန်တိုးတက်လာပါက ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မောင်နှမများအချင်းချင်း ကူးလူးသွားလာမှု ပိုမိုလျင်မြန်သွက်လက်လာမည်ဖြစ်၍ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာကာ ဒေသထွက်ကုန်ပစ္စည်းများကိုလည်း အပြန်အလှန် လျင်မြန်ချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ပြီး စီးပွားရေးအလားအလာများ ပိုမိုတိုးတက်ကောင်းမွန်ဖွံ့ဖြိုးလာနိုင်တော့မည်ဟု ထင်မြင်သုံးသပ်မိပါသည်။

**(အောင်တိုးတက်)**

# ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အပြစ်မဲ့ပြည်သူများ သတ်ဖြတ်ခံရမှုစာရင်း

## (၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဇွန်လ ၂၇ ရက်နေ့အထိ)

✱ စာမျက်နှာ ၆ မှ

| စဉ် | ရက်စွဲ | အမည် | မြို့နယ်/ ကျေးရွာ | သေဆုံး | မှတ်ချက် |
|---|---|---|---|---|---|
| ၂၆။ | ၁၉-၅-၂၀၁၇ | နိုရှုဆလာမ် | မောင်တောမြို့နယ် ကျောင်းတောင် ကျေးရွာအုပ်စု | ၁ | အနက်ရောင်ဝတ်စုံဝတ် မျက်နှာဖုံးစွပ်ထားသူ (၅၀) ဦးခန့်ဝင်ရောက်လာပြီး နိုရှုဆလာမ်အား အိမ်ပေါ်မှ ခေါ်ထုတ်၍ နေအိမ်ရှေ့ကိုက် (၃၀) ခန့်အကွာ လယ်ကွင်း၌ ဓားဖြင့်ခုတ်သတ်။ |
| ၂၇။ | ၂၈-၅-၂၀၁၇ | တာဟဲရ် | ဘူးသီးတောင်မြို့နယ် မီးကျောင်းခေါင်းဆွဲ ကျေးရွာ | ၁ | အင်းချောင်းဈေးရွာတံတားအနီး၌ အမည်မသိလူတစ်စုမှ ဝိုင်းဝန်းသတ်ဖြတ်ခဲ့သဖြင့် သေဆုံး။ |
| ၂၈။ | ၂၉-၅-၂၀၁၇ | ရှောင်ရှူးအာလောင် (ခ)ကျော်ဆွေ | မောင်တောမြို့နယ် ရေတွင်းပင်ကျေးရွာ | ၁ | အကြမ်းဖက်အဖွဲ့ဟု ယူဆရသူ (၅၀) ဦးခန့်က ဖမ်းဆီးသွားခဲ့ပြီး ဘာကူးမားတောင်ခြေတွင် ကြိုးဖြင့်ချည်နှောင်ထားပြီး လည်ပင်းပြတ်ရှဒဏ်ရာဖြင့်သေဆုံး။ |
| ၂၉။ | ၄-၆-၂၀၁၇ | နူရ်အာမိန် | မောင်တောမြို့နယ် ရွာသစ်ကေကျေးရွာ | ၁ | မိသားစုနှင့်အတူ အိပ်ပျော်နေစဉ် တုတ်၊ ဓားများကိုင်ဆောင်ထားသော အမည်မသိလူ(၁၅) ဦးခန့်မှ နေအိမ်အတွင်း ဝင်ရောက်၍ ရာအိမ်မှူးအား ဖမ်းဆီးခေါ်ဆောင်ပြီး ပုစွန်ကန်အနီး၌ သတ်ဖြတ်ခဲ့။ |
| ၃၀။ | ၁၅-၆-၂၀၁၇ | အဘူနာဆဲ | မောင်တောမြို့နယ် ဂေါင်ညာကျေးရွာ | ၁ | သူငယ်ချင်းဖြစ်သူ နေအိမ်သို့ထမင်းသွားစားရာမှပြန်မလာသဖြင့် ဝိုင်းဝန်းရှာဖွေ ခဲ့ရာ ဂေါင်ညာကျေးရွာအရှေ့ဘက် ချောင်းကမ်းနဘေးတွင် ထိုးသွင်းပြတ်ရှဒဏ်ရာများဖြင့် သေဆုံး။ |
| ၃၁။ | ၁၆-၆-၂၀၁၇ | ဟာဘီဇူ | ဘူးသီးတောင်မြို့နယ် ဂူတာပြင်ကျေးရွာ | ၁ | ရာအိမ်မှူးဟာဘီဇူသည် တစ်ရွာတည်းနေ ဆယ်အိမ်မှူးနှင့် ရွာကင်းများစစ်ဆေး၍ ပြန်လာစဉ် ခြံဝင်းအတွင်းမှ မျက်နှာပုဆိုးများဖုံးအုပ်ထားသည့် လူ(၅)ဦးမှ ဓားဖြင့် ထိုးသဖြင့်သေဆုံး။ |
| ၃၂။ | ၂၄-၆-၂၀၁၇ | အဘူဟာရှိန်း | မောင်တောမြို့နယ် ခေါင်းတကားရွာ | ၁ | အိမ်၌ရှိနေစဉ် မျက်နှာဖုံးစွပ်(၁၀)ဦးမှ ဓားကိုယ်စီကိုင်၍ နေအိမ်တံခါးအား ချိုးဖျက်ဝင်ရောက်ပြီး ဓားဖြင့်ဝိုင်းခုတ်သဖြင့် ဓားဒဏ်ရာ(၁၂) ဖြင့် သေဆုံးကာ ဝင်ရောက်ကူညီသည့် သားဖြစ်သူအား ဝဲရင်ညွှန့်ထိုးသွင်းဒဏ်ရာ (၁)ချက်၊ သမီးဖြစ်သူ (၅) နှစ်သမီးမှ ဖခင်အား ဖက်တွယ်ထားစဉ် ဝဲဦးခေါင်းပြတ်ရှဒဏ်ရာ နှစ်လက်မရရှိခဲ့။ |
| ၃၃။ | ၂၄-၆-၂၀၁၇ | အဖွေယာစ် | မောင်တောမြို့နယ် မြို့သူကြီးကျေးရွာ | ၁ | နေအိမ်၌ အိပ်ပျော်နေစဉ် မျက်နှာဖုံးစွပ် (၃)ဦးမှ ဝင်ရောက်ကာ ဓားဖြင့်ခုတ်သဖြင့် ဓားဒဏ်ရာ(၄)ချက်ဖြင့် သေဆုံးခဲ့ပြီး ညီမဖြစ်သူ (၂)ဦးနှင့် သားဖြစ်သူတို့မှာ ဓားဒဏ်ရာများအသီးသီးရရှိခဲ့။ |
| ၃၄။ | ၂၄-၆-၂၀၁၇ | ဦးအောင်ကျော် | မောင်တောမြို့နယ် တရိန်းကျေးရွာ | ၁ | ရွာသား(၄)ဦးသည် လိပ်ရှာသွားရာမှအပြန် အကြမ်းဖက်သမားများမှ ဓားဖြင့်ဝိုင်းခုတ်ပြီး (၂)ဦးကို ဖမ်းဆီးခေါ်ဆောင်သွားသဖြင့် ရှာဖွေရာ သေဆုံးလျက်တွေ့ရှိခဲ့။ |
| ၃၅။ | ၂၆-၆-၂၀၁၇ | ကိုကိုသိန်း | မောင်တောမြို့နယ် တရိန်းကျေးရွာ | ၁ | ရွာသား(၄)ဦးသည် လိပ်ရှာသွားရာမှအပြန် အကြမ်းဖက်သမားများမှ ဓားဖြင့် ဝိုင်းခုတ်ပြီး ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် (၂)ဦးအနက်မှ သေဆုံးလျက်ထပ်မံတွေ့ရှိခဲ့။ |
| | | | စုစုပေါင်း | ၃၈ဦး | |

## ပြည်တွင်းရေးရာ

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင်နှင့် နီပေါသံအမတ်ကြီးတို့အား သီးခြားစီတွေ့ဆုံ



**နေပြည်တော် ဇွန် ၂၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် အသစ်ခန့်အပ်ခြင်းခံရသည့် သံအမတ်ကြီး မစ္စတာ အဲဒွါဒို ကပူနန် ဂျူနီယာအား ယနေ့ နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် အသစ်ခန့်အပ်ခြင်းခံရသည့် သံအမတ်ကြီး မစ္စတာ ဘင်း ကေ အူးဒက်စ်အား **(ယာပုံ)**ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အမေရိကန်နိုင်ငံ (၂၄၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၈**

အမေရိကန်နိုင်ငံ၏ (၂၄၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တက်ရောက်သည်။**(အပေါ်ပုံ)**

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် အမေရိကန်နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နော်ဝေသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး H. E. Mrs. Tone Tinnes နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး မကြာသေးမီက သွားရောက်ခဲ့သည့် The Oslo Forum နှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ လက်ရှိမြန်မာ့မီဒီယာကဏ္ဍ ဖြစ်ပေါ်နေသည့် အခြေအနေများ၊ ပြန်ကြားရေးဝန်ကြီးဌာန၏ လက်ရှိပြုပြင်ပြောင်းလဲဆောင်ရွက်မှုများနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ပုဒ်မ-၆၆(ဃ)အား ပြင်ဆင်နိုင်မည့်အခြေအနေများ၊ ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်လျက်ရှိသည့် ဩဂုတ်လတွင် ကျင်းပမည့် Transition Forum အတွက် ပြင်ပပညာရှင်များ ဖိတ်ကြားမှုအခြေအနေနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ဝန်ကြီးဌာနတွင် ဆောင်ရွက်နေသော Information and Communication Technology (ICT)ကဏ္ဍတွင် နော်ဝေနိုင်ငံမှ ပူးပေါင်းဆောင်ရွက်ရေးကိစ္စပ်များနှင့် လူနည်းစုတိုင်းရင်းသားများ၏ ရိုးရာပစ္စည်းများနှင့် ၎င်းတို့၏ စာပေများအား စုဆောင်း၍ မိမိတို့၏ စာကြည့်တိုက်များတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြတိုက်ငယ်လေးများအသွင် ဖွင့်လှစ်ထားရှိနိုင်ရေး ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံ အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂၈**

မြန်မာနိုင်ငံ အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပရာ အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက်အမှာစကားပြောကြားသည်။



အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးကော်မတီဥက္ကဋ္ဌက နိုင်ငံတကာလေဆိပ်သုံးခုအား Security Management Contract ပေးနိုင်ရေးကိစ္စအပေါ် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုပါကြောင်း၊ National Committee အနေဖြင့် မူဝါဒပိုင်းဆိုင်ရာများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး Working Committee အနေဖြင့် လုပ်ဆောင်ချက်များအား ကြီးကြပ်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် International Civil Aviation Organization (ICAO)၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ လေကြောင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးကော်မတီ အတွင်းရေးမှူး၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လေကြောင်းဆိုင်ရာ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ကော်မတီဖွဲ့စည်းမှုများ၊ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းမှုများ၊ Security Management Contract ဆိုင်ရာ ကိစ္စရပ်များအား အသေးစိတ်ရှင်းလင်းတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြကာ အကြံပြုချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးခဲ့ကြပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ တနင်္သာရီတိုင်းဒေသကြီးအသင်း အနိုင်ရဗိုလ်စွဲ

**နေပြည်တော် ဇွန် ၂၈**

၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား အမျိုးသမီးပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲ၏ အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲများကို ယနေ့နံနက် ၈ နာရီမှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (B)၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ တတိယနေရာလုပွဲတွင် ကရင်ပြည်နယ်အသင်းက နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်တွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ တတိယနေရာလုပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်တွင် ပဲခူးတိုင်းဒေသကြီးအသင်းက နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

အမျိုးသား အမျိုးသမီး သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ၏ ရှုံး/ထွက်ပွဲစဉ်များကို ဇွန် ၂၉ ရက် နံနက် ၈ နာရီမှ စတင်ကာ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (B)၌ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇွန် ၂၈**
၂၀၁၇ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)အနော်ရထာခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဥပ္ပါတသန္တိစေတီတော်မြတ်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပင့်ဖိတ်ထားသည့် ဒေသခံဆရာတော်ကြီးများ ပါဝင်သော သံဃာတော် ၆၃ ပါး ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ ပေါက်မြိုင်ဆရာတော်ကြီးထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်ကြီးများရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။



ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ ပေါက်မြိုင်ဆရာတော်ကြီးထံသို့ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ကြီးများထံ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီးတို့က လည်းကောင်း၊ တက်ရောက်လာကြသူများကလည်းကောင်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စျေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရက အနုမောဒနာတရားဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ချက်တင်သွင်းရန် ချင်းမိုင်တွင် ဆွေးနွေး

**ချင်းမိုင် ဇွန် ၂၈**
နိုင်ငံရေးဆိုင်ရာ မူဘောင်ကိစ္စရပ်များနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) သည် ယနေ့နံနက်ပိုင်းမှစ၍ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ တွေ့ဆုံဆွေးနွေးလျက်ရှိသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST)ကို မူဝါဒပိုင်းဆိုင်ရာ ဦးဆောင်ကော်မတီတစ်ရပ်အနေဖြင့် ၂၀၁၆ ခုနှစ် မတ်လအတွင်းက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း(၈)ဖွဲ့မှ ခေါင်းဆောင်ရှစ်ဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အဖွဲ့ခေါင်းဆောင်အဖြစ် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးဆေးဖိုးက တာဝန်ယူထားသည်။

PPST အဖွဲ့ခေါင်းဆောင် စောမူတူးဆေးဖိုး၏ အဖွင့်နှုတ်ခွန်းဆက်စကားတွင် "ကျွန်တော်တို့ ရှေ့ကိုသွားမယ့်ကိစ္စတွေမှာလည်း NCA ကို အခြေခံ အကောင်အထည်ဖော်ပြီးတော့ ပန်းတိုင်ကိုသွားကြမယ်ဆိုတဲ့ အခြေအနေပေါ်မှာ အားလုံးက သဘောတူထားတယ်။ အခုပြန်ပြီးတော့ လေ့လာကြည့်တဲ့အခါမှာ ကျွန်တော်တို့ အခက်အခဲနဲ့ စိန်ခေါ်မှုတွေအများကြီး ရင်ဆိုင်ခဲ့ရတာကို တွေ့ရှိပါတယ်။ ကျွန်တော်တို့ လုပ်ကိုင်အကောင်အထည်ဖော်တဲ့နေရာမှာ NCA အတိုင်းအတာကို ပြန်မသွားဘဲနဲ့ တချို့လွဲချော်ပြီးတော့ ဘေးကိုထွက်သွားတဲ့ အခြေအနေတွေရှိပါတယ်။ ဒီအခြေအနေတွေဟာ ဘယ်လိုလဲဆိုတာကို ကျွန်တော်တို့ ဆွေးနွေးရတော့မှာဖြစ်ပါတယ်။

"NCA စာချုပ်ထဲမှာ ကျွန်တော်တို့ရဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ပဲ ဖြေရှင်းကြမယ်။ နိုင်ငံရေးနည်းလမ်းအတိုင်းပဲ ဖြေရှင်းလို့ရမယ်။ ကျွန်တော်တို့ တစ်ချိန်တုန်းကလို စစ်မြေပြင်မှာဖြေရှင်းလို့ မရနိုင်ဘူးဆိုတာကိုလည်း အားလုံးက သဘောပေါက်တယ်။ သဘောပေါက်ကြလို့လည်း ကျွန်တော်တို့ Deep of Commitment ကို လက်မှတ်ထိုးခဲ့တယ်။

"ကျွန်တော်တို့ မူဘောင်ကိုအခြေခံပြီး မူဘောင်မှာဆွေးနွေးပြီး အားလုံးသဘောတူနိုင်တဲ့ ညှိနှိုင်းမှုမျိုးက တစ်ဆင့် မူဘောင်အရ နိုင်ငံရေးစားပွဲပေါ်မှာ ဆက်လက်ညှိနှိုင်းရမယ်။ အခုကျွန်တော်တို့ သွားခဲ့ရတဲ့အဆင့်အထိကတော့ မူဘောင်မှာတင် အဆုံးမသတ်နိုင်သေးဘူး။ မူဘောင်ကို ဆက်ပြီး ကျွန်တော်တို့ ဆွေးနွေးကြဖို့ ညှိဖို့လိုမယ်။

"ကျွန်တော့်ဘက်မှာ ဖက်ဒရယ်လို့ပြောပြီးတော့ စိတ်ထားသဘောထားက တကယ်ပဲဒီဖက်ဒရယ်ကို တည်ဆောက်ချင်ကြသလား။ ကျွန်တော်တို့ တူညီတဲ့ ဒီရှစ်ဖွဲ့ကတော့ ဖက်ဒရယ်ကိုတကယ်ပဲ အရောက်ချီတက်ဖို့ အကောင်အထည်ဖော်ဖို့ စိတ်က အပြည့်အဝရှိတယ်လို့ ကျွန်တော်ယုံတယ်။ ကျွန်တော်တို့ သွားကြတဲ့နေရာမှာ ညှိပြီးတော့ သဘောတူပြီး သဘောထားကြီးကြီးနဲ့ ဖက်ဒရယ်ပန်းတိုင်ကိုရောက်အောင် သွားကြစို့လို့ တိုက်တွန်းပါတယ်"ဟု ပြောကြားခဲ့သည်။

အစည်းအဝေးကို ဇွန် ၂၈ မှ ဇူလိုင် ၁ ရက်အထိ လေးရက်ကြာ ပြုလုပ်မည်ဖြစ်ပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကိစ္စရပ်များအတွက် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အထူးအစည်းအဝေး ဆုံးဖြတ်ချက်များအား ပြန်လည်သုံးသပ်ခြင်း၊ NCA စာချုပ်ပါ အချက်များအတိုင်း အကောင်အထည်ဖော်မှုဆိုင်ရာကိစ္စရပ်များကို ပြန်လည်သုံးသပ်ချက် တင်သွင်းခြင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေးကိစ္စများကို ဆွေးနွေး၍ ဆုံးဖြတ်ချက်ချမှတ်မှုများ ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

**သတင်း. . ရဲခေါင်ညွန့်**
**ဓာတ်ပုံ-အောင်အောင်(ချင်းမိုင်)**






## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နယူးဇီလန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Steve Marshall အား ယနေ့မွန်းလွဲ ၃ နာရီတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု၊ ငှက်ဖျားနှင့်တီဘီရောဂါ ဆေးယဉ်ပါးခြင်းအား သုတေသနပြုမှုတို့တွင် နည်းပညာဖွံ့ဖြိုးရေးကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်မှု၊ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်၍ ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စရပ်များနှင့် မြေမြှုပ်မိုင်းရှင်းလင်းရေး ကိစ္စရပ်များတွင် လုပ်ဆောင်နိုင်မည့်အခြေအနေများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်သင်တန်းတက်ရောက်သူများအား ထောက်ပံ့ပေးသူတစ်ဦး မောင်တောဆေးရုံ၌ သေဆုံးခဲ့မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၈**
အကြမ်းဖက်သင်တန်း တက်ရောက်သူများအား ထောက်ပံ့ပေးသူ မောင်တောမြို့နယ် ဘဂုံးနား အနောက်ရွာနေ မော်လဝီအူမော ဆာဒက်သည် ဇွန် ၂၆ ရက် ညက နှလုံးရောဂါဖြင့် မောင်တောဆေးရုံတွင် သေဆုံးခဲ့သဖြင့် ၎င်းသေဆုံးမှုအား ရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

မောင်တောမြို့နယ် ဖွေရာရွာနေ တပ်ဦးချောင်းကျေးရွာအုပ်စုတာဝန်ခံ အာမိအာလီအား ဇွန် ၁၇ ရက်က မျက်နှာဖုံးဝတ်ဆင်ထားသူ ၁၀ ဦးခန့်မှ နေအိမ်အတွင်းဝင်ရောက်၍ ဓားဖြင့်ခုတ်သတ်စဉ် ပတ်ဝန်းကျင်မှ ဝိုင်းဝန်းဖမ်းဆီးချိန်၌ သေနတ် ငါးချက်ပစ်ဖောက်၍ ထွက်ပြေးခဲ့သည့်အမှုမှ ဆက်စပ်တရားခံ မာမောက်တော်ယူအား သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၂၅ ရက် နံနက် ၈ နာရီတွင် ဘဂုံးနားအလယ်ရွာ၌ ဖမ်းဆီးခဲ့ပြီး မကျီးချောင်းနယ်မြေစခန်းတွင် စစ်ဆေးခဲ့ရာ ဇွန် ၂၆ ရက် ညနေ ၆ နာရီက ဘဂုံးနားအနောက်ရွာနေ အကြမ်းဖက်သင်တန်းတက်ရောက်သူများအား ထောက်ပံ့ပေးနေသူ မော်လဝီအူမောဆာဒက်အား ထပ်မံဖမ်းဆီးခဲ့မှုနှင့်အတူ တစ်ရွာတည်းနေ ဆော်လိမ်(စိစစ်ဆဲ) (ပြည်ပနိုင်ငံနေသူ)က မောင်တောမြို့မှတစ်ဆင့် ငွေကြေးထောက်ပံ့လွှဲပြောင်းပေးနေကြောင်း ထွက်ဆိုခဲ့သည်။

မာမောက်တော်ယူနှင့် မော်လဝီအူမောဆာဒက်တို့အား ဇွန် ၂၆ ရက် ည ၁၀ နာရီတွင် အပြန်အလှန်စစ်ဆေးမေးမြန်းစဉ် မော်လဝီအူမောဆာဒက်မှာ ရင်ဘတ်အောင့်သည်ဟု ပြောဆိုပြီး ထိုင်ရာမှလဲကျခဲ့သဖြင့် မောင်တောဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူစဉ် ဇွန် ၂၆ ရက် ည ၁၁ နာရီ ၁၅ မိနစ်တွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

ဆေးရုံမှ ရင်ခွဲစစ်ဆေးချက်အရ မော်လဝီအူမောဆာဒက်သည် ရုတ်တရက် နှလုံးခုန်ရပ်ကာ သေဆုံးရခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ယင်းဖြစ်စဉ်အား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# နေပြည်တော် ပျဉ်းမနားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ လူမှုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက်ဖွင့်

**နေပြည်တော် ဇွန် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် လူမှုအခြေပြုဗဟိုဌာန (Community Centre)နှင့် ရွေ့လျားစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းတို့က လူမှုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက်တို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လူမှုအခြေပြုဗဟိုဌာန ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ရွေ့လျားစာကြည့်တိုက်ဆိုသည်မှာ စာကြည့်တိုက်သည် စာဖတ်သူများထံသို့ တိုက်ရိုက်တွေ့ဆုံသည့် သဘောဖြစ်ပါကြောင်း၊ မြို့ပေါ်စာကြည့်တိုက်သို့ မလာရောက်နိုင်သည့် ကျေးရွာများ၊ ရပ်ကွက်များနှင့် ကျောင်းများ စသည့်နေရာများသို့ သွားရောက်၍ လူထုအား စာအုပ်စာပေများဖြင့် ထိတွေ့ပေးသည့် အစီအစဉ်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင်လည်း နှစ်ပေါင်းများစွာကတည်းက ရွေ့လျားစာကြည့်တိုက်များ တည်ရှိခဲ့ပါကြောင်း။




Community Centre ဆိုသည်မှာ အများပြည်သူတို့ ဆုံတွေ့ပြီး လုပ်ချင်ကိုင်ချင်သည့်ကိစ္စများကို ယခုနေရာတွင် ဆောင်ရွက်မည်၊ အကြံဉာဏ်ထုတ်မည် စသည့် ကိစ္စရပ်များ ဆွေးနွေးတိုင်ပင်သည့် နေရာဖြစ်ပါကြောင်း၊ ယခုနေရာသည် အများပြည်သူများ လွတ်လွတ်လပ်လပ် အသုံးပြုနိုင်သည့်နေရာ ဖြစ်ပါကြောင်း၊ လာရောက် အသုံးပြုကြရန်လည်းဖိတ်ခေါ်ပါကြောင်း၊ နောင်အချိန်တွင် အများပြည်သူက လူထုအခြေပြုဗဟိုဌာနသည် မရှိလျှင်မဖြစ်သည့်နေရာဖြစ်သည်ဆိုသည်အထိ ဖြစ်လာအောင် ရည်ရွယ်၍ တိုးချဲ့တည်ထောင်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက အမှာစကားပြောကြားပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းက ရွေ့လျားစာကြည့်တိုက်နှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်း တင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လူမှုအခြေပြုဗဟိုဌာနအတွက် လိုအပ်သော ပစ္စည်းများကို ပံ့ပိုးကူညီလှူဒါန်းပေးကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ လှူဒါန်းသော Mobile Library Bus များနှင့် လူထုအခြေပြုဗဟိုဌာနတို့ကို လှည့်လည်ကြည့်ရှုကြသည်။

နေပြည်တော် ပျဉ်းမနားမြို့တွင် ယနေ့ဖွင့်လှစ်ခဲ့သည့် လူမှုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက်သည် ငါးခုမြောက် ဖွင့်လှစ်နိုင်ခြင်းဖြစ်ပြီး ကော့မှူး၊ အင်းစိန်၊ မြောင်းမြနှင့် နတ်မောက်မြို့တို့တွင် အလားတူဖွင့်လှစ်ထားပြီးဖြစ်သည်။ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုတို့ရှိ မြို့နယ် ၂၆ မြို့နယ်အတွင်း လူမှုအခြေပြုစာကြည့်တိုက်များ၊ လူမှုအခြေပြုဗဟိုဌာနများ တိုးတက်ဖြစ်ထွန်းလာစေရေး နားလည်မှုစာချွန်လွှာရေးထိုး ဆောင်ရွက်လျက်ရှိရာ ငါးနှစ်တာ ကာလအတွင်း ယခုကဲ့သို့ ရလဒ်များထွက်ပေါ်လာခြင်းဖြစ်ကြောင်းနှင့် မကြာမီ မြစ်ကြီးနားမြို့၌ ဆက်လက်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❐



# ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၃) လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၇)ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့က မတ်လမှ မေလအထိ သုံးလပတ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအပေါ် သုံးသပ်ခြင်းနှင့် ဇွန်လမှ ဒီဇင်ဘာလအထိ ရှေ့လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက တင်ပြချက်များနှင့်စပ်လျဉ်း၍ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းမော်၊ ဦးသန်းထွန်း၊ ဒေါက်တာဦးပွား၊ ဦးစောဗယ်လင်တိုင်းနှင့် ယင်းအဖွဲ့ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်း တက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပဉ္စမအကြိမ်တိုင်းရင်းမီဒီယာညီလာခံ ဒုတိယနေ့နှင့် တတိယနေ့ လွိုင်ကော်မြို့၌ ဆက်လက်ကျင်းပ

**လွိုင်ကော် ဇွန် ၂၈**

ပဉ္စမအကြိမ် တိုင်းရင်းမီဒီယာညီလာခံကို ကယားပြည်နယ် လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ယနေ့ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံအတွင်းရှိ သတင်းမီဒီယာအဖွဲ့များ၊ တိုင်းရင်းမီဒီယာကိုယ်စားလှယ်များ၊ CSO၊ NGO၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ခုနစ်ခုရှိ မီဒီယာအခင်းအကျင်းနှင့်စပ်လျဉ်း၍ ပြည်နယ် တစ်ခုချင်းစီတွင်ရှိသော သတင်းဌာနများ၊ ပြည်နယ်တစ်ခုချင်းအလိုက် သတင်းမီဒီယာထုတ်လုပ်နိုင်မှုအခြေအနေ၊ ဖြန့်ချိရေးနှင့် ဈေးကွက်အခြေအနေများကို ဆွေးနွေးကြသည်။

တိုင်းရင်းမီဒီယာညီလာခံ ဒုတိယနေ့နှင့် တတိယနေ့ ဆွေးနွေးချက်များအနေဖြင့် မြန်မာနိုင်ငံတွင် သတင်းရယူပိုင်ခွင့်အခြေအနေ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံ နှိုင်းယှဉ်ချက်၊ အမျိုးသားမီဒီယာမူဝါဒတွင် တိုင်းရင်းမီဒီယာ၏ အခန်းကဏ္ဍထည့်သွင်းခြင်း၊ တိုင်းရင်းမီဒီယာမူဝါဒမူဘောင် အကြမ်းဖျင်းပုံဖော်ခြင်း၊ တိုင်းရင်းမီဒီယာတွင် အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်ရေးချဉ်းကပ်ဆောင်ရွက်မှုကိုမြှင့်တင်ခြင်း၊ အမျိုးသမီးသတင်းထောက်များ၏ အခွင့်အရေးကို မြှင့်တင်ခြင်း၊ တိုင်းရင်းမီဒီယာနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် နိုင်ငံတကာအမြင်၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းမီဒီယာ၏အခန်းကဏ္ဍ၊ တိုင်းရင်းမီဒီယာမူဝါဒအတွက် ရေရှည်တည်တံ့သောမူဝါဒ၊ တိုင်းရင်းသားပြည်နယ်များတွင် မီဒီယာတည်ထောင်ရန် ဖြစ်နိုင်ခြေများ၊ တိုင်းရင်းမီဒီယာထုပ်လုပ်မှုမှ တစ်ဆင့် နိုင်ငံတကာမီဒီယာသို့ စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ညီလာခံဆွေးနွေးချက်များနှင့် ပတ်သက်၍ ရရှိလာသော ရလဒ်များကို ထုတ်ပြန်ကြေညာခဲ့သည်။ ဆက်လက်၍ ဂုဏ်ပြုညစာစားပွဲကို ကျင်းပကာ တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**




## ❂ ရွှေထည်ရောင်းချခြင်းမှ

ဥပဒေအရ သက်သာခွင့် တစ်ရာခိုင်နှုန်းပေးထားတာဆိုတော့ နှုန်းထားအနိမ့်ဆုံးထဲမှာ ပါပါတယ်”ဟု ပြောကြားသည်။ ကုန်သွယ်လုပ်ငန်းခွန်နှင့်ပတ်သက်၍ ရွှေထည်၊ လက်ဝတ်ရတနာရောင်းချခြင်းမှ ရောင်းရငွေပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် တစ်ရာခိုင်နှုန်းကျသင့်သည် ဆိုသည်မှာ ၂၀၁၇ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေပုဒ်မ-၁၄(ဇ)အရ ဖြစ်ကြောင်း၊ ဧပြီ ၁ ရက်မှစတင်ကာ တစ်ရာခိုင်နှုန်းကောက်ခံကြောင်း၊ အခွန်ပြေစာအမှတ်တံဆိပ် လက်ခံရရှိသည့်အပေါ်တွင် မူတည်ပြီး ဈေးကွက်ကြီးသည့် ရန်ကုန်ကို အရင်ဆုံးဖြန့်ကြောင်း၊ ယင်းနောက် မန္တလေးကိုဖြန့်ကာ လက်ရှိတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခွန်ဆောင်နိုင်ရန်အတွက် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

“ရွှေနဲ့ပတ်သက်တဲ့ပြေစာအမှတ်တံဆိပ်က ပထမဆုံး ရန်ကုန်၊ ပြီးတော့မန္တလေး၊ လက်ရှိမှာတော့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေအားလုံးကို ဖြန့်နေပါတယ်။ ပြေစာအမှတ်တံဆိပ်မရှိလို့ အခွန်မကောက်ဘူးဆိုတာကတော့ မဖြစ်ထိုက်ဘူး။ ကုန်သွယ်လုပ်ငန်းခွန်ကတော့ ရောဘုယျအားဖြင့် အားလုံးငါးရာခိုင်နှုန်းကောက်ပါတယ်။ ကျောက်မျက်ရတနာလည်း ကုန်စည်တစ်မျိုးပဲဖြစ်တဲ့အတွက်ကြောင့် ငါးရာခိုင်နှုန်းပဲ ကျသင့်တယ်။ ရွှေထည်၊ လက်ဝတ်ရတနာကိုတော့ သက်သာခွင့်ပေးလိုက်တာပါ” ဟု ဦးသန်းဇော်ဝင်းက ဆိုသည်။

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ပျက်ကွက်မှုတစ်ခုစီအတွက် ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသော ဒဏ်ငွေကို ထမ်းဆောင်ရမည်ဟု ပြဋ္ဌာန်းထားခြင်းကြောင့် လုပ်ငန်းကို ဘဏ္ဍာနှစ်မစမီကတည်းက မှတ်ပုံတင်ရကြောင်း၊ မှတ်ပုံမတင်လျှင် ပျက်ကွက်ဖြစ်ကြောင်း၊ လုပ်ငန်းစတင်မည်ဆိုပါက လုပ်ငန်းစတင်ကြောင်း အကြောင်းကြားစာကို ပေးပို့ရမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်ရန်နှင့် လုပ်ငန်းစတင်ရန် ပျက်ကွက်ပါက စည်းကြပ်မှု၏ ကျသင့်ငွေ ၁၀ ရာခိုင်နှုန်းကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

**(နိုင်လင်းကြည်)**

# မိုးများ၍ နှမ်းရိုးမည်းထိုးနေ

**နွားထိုးကြီး ဇွန် ၂၈**

နွားထိုးကြီးမြို့နယ် ဆားတောင်ကျေးရွာတစ်ဝိုက် စိုက်ပျိုးထားသော နှမ်းခင်းများမှာ မိုးကြောင့် လူတစ်ရပ်အထိ မြင့်မားလာသော်လည်း နှမ်းသီးထည့်မှုနည်းနေပြီး မိုးများ၍ ရိုးမည်းထိုးနေကြောင်း ဆားတောင်ရွာသားက ပြောသည်။ မကြုံစဖူး နှမ်းခင်းများဖြစ်ထွန်းသော်လည်း မိုးများ၍ ချိုင့်ဝှမ်းများတွင်ရှိသော နှမ်းခင်းများ ပျက်စီးမှုများနေသည် ဆိုသည်။

ရိုးမည်းထိုး၍လည်း အပင်များ သေနေသည်။ နွားထိုးကြီးနယ်တွင် မိုးဦးနှမ်းသီးနှံစိုက်ဧက တစ်သိန်းခွဲ၊ နှစ်သိန်းနီးပါးရှိသော်လည်း မိုးများ၍ အပင်ဖြစ်ထွန်းသလောက် နှမ်းသီးနည်းကြသည်ဆိုသည်။ နှမ်းတွေအောင်မြင်၍ နှမ်းထွက်ပိုရန်ရှိသော်လည်း နှမ်းတောင်သူတွေက နှမ်းဈေးကောင်းရန် မျှော်လင့်နေကြသည်။ **ခင်ဇာမွန်မြင့်(ဥပဒေ)**

ဆောင်းပါး

# ရခိုင်ပြည်နယ်သို့ သတင်းခရီး

ဦးဟန်ညွန့်(ဥပဒေ)

**ရန်ကုန်မိုး**

ရန်ကုန်မိုးက သဲသဲမဲမဲရွာနေသည်။ ရန်ကုန်လေယာဉ်ကွင်းထဲမှာ စစ်တွေလေယာဉ်စီးဖို့ ကျွန်တော်တို့အဖွဲ့ စိတ်အားတက်ကြွနေသည်။ ဘာကိစ္စ၊ ဘယ်ကို သွားကြမှာလဲ။ သတင်းမီဒီယာကိစ္စပါ။ ရခိုင်ပြည်နယ်သို့ သတင်းခရီးဖြစ်ပါသည်။ မဏ္ဍိုင်(၄)ရပ် တွေ့ဆုံဆွေးနွေးပွဲ (စစ်တွေမြို့)မှာ ကျင်းပမည်။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ဦးဆောင်ဆွေးနွေးမည်။ သတင်းသမားများ စုံစုံညီညီ။

**စစ်တွေမိုး**

၂၀၁၇ ခုနှစ် ဇွန် ၁၂ ရက် မွန်းလွဲပိုင်း။ စစ်တွေလေဆိပ်က စစ်တွေမိုးနှင့် ကြိုသည်။ သဲသဲမဲမဲ။ မကြာမီ မိုးစဲ၍ စစ်တွေဟိုတယ်သို့ ရောက်သည်။ အစီအစဉ်များရေးဆွဲ ကြိုတင်ပြင်ဆင်ကြသည်။ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ သတင်းထောက်များ၊ မီဒီယာအဖွဲ့များလည်း တစ်ဖွဲ့ဖွဲ့ ရောက်ရှိသတင်းပို့နေကြပြီ။

**အကြိုညှိနှိုင်း**

ဇွန် ၁၃ ရက်တွင် သတင်းမီဒီယာအဖွဲ့သားများနှင့် အလုပ်ရုံဆွေးနွေးပွဲ စတင်သည်။ အကြိုညှိနှိုင်းပွဲဖြစ်သည်။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဦးအောင်လှထွန်းက အဖွင့်အမှာစကားပြောကြားသည်။ မဏ္ဍိုင်(၄)ရပ်၏ နိဒါန်းကိုတင်ပြသည်။ ဝါရင့်သတင်းစာဆရာကြီး ဟံသာဝတီ ဦးအုန်းကြိုင်ကလည်း သားငယ်သမီးငယ် သတင်းထောက်များနှင့် တွေ့ဆုံဩဝါဒပေးရ၍ ပျော်နေသည်။ သတင်းသမိုင်းနှင့်အတွေ့အကြုံ စုံစုံလင်လင် ဆွေးနွေးကြသည်။ ပါမောက္ခဒေါက်တာ မောင်မောင်စံ (ကြည်မင်း)က ရည်ရွယ်ချက်ကို ရှင်းသည်။ ရခိုင်သားဌာနေ သတင်းထောက် ခိုင်မြတ်ကျော်က အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူသည်။ မဏ္ဍိုင်(၃)ရပ်ကိုသာ လူသိများသည်။ စတုတ္ထမဏ္ဍိုင်ဆိုတာ ဘာလဲ။ (၁) ဥပဒေပြုရေး (၂) အုပ်ချုပ်ရေး (၃)တရားစီရင်ရေး၊ ပြီးတော့ (၄) စတုတ္ထမဏ္ဍိုင်သတင်းမီဒီယာ။ ထိုအခါ ဆွေးနွေးကြသူအပေါင်းနှစ်ထောင်းအားရဖြစ်လာသည်။ သတင်းကောင်စီဝင် ဦးမြင့်ကျော်၊ ဦးဇေယျာလှိုင်နှင့် စာရေးသူတို့ကပါ ဝိုင်းကြဝန်းကြ၊ ပူးပေါင်းဆွေးနွေးကြသောအခါ ပြောစရာတွေများလာသည့် ငြင်းခုံစရာတွေ ပို၍စုံလာသည်။ မဏ္ဍိုင်(၄)ရပ်သည် မြင့်မြတ်သော သမိုင်းပေးတာဝန်ဖြစ်ကြောင်း ပို၍၊ ပို၍ နားလည်သဘောပေါက်လာကြသည်။ ပူးပေါင်းဆောင်ရွက်၊ ပူးပေါင်းကူညီ၊ ပူးပေါင်းအကျိုးဆောင်ကြရမည်ဖြစ်သည်။

**ဝန်ကြီးချုပ်နှင့် တွေ့ဆုံခြင်း**

ညနေပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် အစိုးရအဖွဲ့ဝင်များ၊ ဝန်ကြီးများက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များအား လက်ခံတွေ့ဆုံသည်။ ရခိုင်ပြည်နယ်အတွင်း မဏ္ဍိုင်(၄)ရပ်ဆိုင်ရာ ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ညှိနှိုင်းခွင့်ရသည်။ မနက်ဖြန် ဆက်လက်ကျင်းပမည့် မျက်နှာစုံညီအစည်းအဝေးအတွက်ပါ လမ်းညွှန်ညှိနှိုင်းခဲ့ကြသည်။ အားတက်ဖွယ်ဖြစ်သည်။

**လွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံခြင်း**

ဆက်လက်၍ ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှနှင့်အဖွဲ့အား ရခိုင်ပြည်နယ်လွှတ်တော်ရုံးတွင် သွားရောက်တွေ့ဆုံခဲ့ကြသည်။ သတင်းမီဒီယာများအား ပွင့်လင်းနွေးထွေးစွာ ဆက်ဆံပုံ၊ လွှတ်တော်၏ဆောင်ရွက်ချက်များကို ညှိနှိုင်းဆွေးနွေးကြသည်။ လွှတ်တော်၏ အခန်းကဏ္ဍကိုကျေနပ်ဖွယ် သိမြင်ခဲ့ရသည်။

**ရခိုင်လွှတ်တော်ဂျာနယ်**

အယ်ဒီတာချုပ် ကျွန်းသားငမန်း ဆောင်ရွက်ထုတ်ဝေသော ရခိုင်လွှတ်တော်ဂျာနယ်ကိုဖတ်ရှုရ၍ ဂုဏ်ယူမိသည်။ အခြားလွှတ်တော်များပင် ဤဂျာနယ်ကို နမူနာယူ၍ ထုတ်ဝေစေချင်သည်။ လွှတ်တော်၏သတင်းကို ပြည်သူတို့သိအောင် ဖော်ဆောင်ပေးနေခြင်းဖြစ်သည်။လူသိနည်းသော လွှတ်တော်ဆိုင်ရာဥပဒေများကိုပါ ဗဟုသုတအဖြစ် ဝေငှနေသည်။ လွှတ်တော်ဥပဒေအကြံပေးများလည်း တာဝန်ပေးထားသဖြင့် ဥပဒေရေးရာအတွက် စိတ်အေးဖွယ်ရာဖြစ်သည်။ သတင်းမီဒီယာအတွက် အကူအညီပေးနေသည်များ သိကြားခဲ့ရသည်။

**စတုတ္ထမဏ္ဍိုင်**

သတင်းမီဒီယာဥပဒေ ပုဒ်မ ၃(ခ)တွင်-

သတင်းမီဒီယာလုပ်ငန်းသည် စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာ ရပ်တည်နိုင်စေရန် ရည်ရွယ်ချက်ထားရှိကြောင်း ဖော်ပြပြဋ္ဌာန်းထားသည်။



**တစ်ခုတည်းသောအဖွဲ့အစည်း**

“သတင်းမီဒီယာကောင်စီသည် စာနယ်ဇင်းသမားများနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်”ဟု သတင်းမီဒီယာဥပဒေပုဒ်မ ၁၂ တွင် ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက မဏ္ဍိုင်(၄)ရပ်ဆွေးနွေးပွဲကို ဦးဆောင်ကျင်းပခဲ့ခြင်းလည်း ဖြစ်ပါသည်။ မဏ္ဍိုင်(၄)ရပ်၏ မြင့်မြတ်သောတာဝန်များသည် ပြည်သူလူထုအကျိုး၊ နိုင်ငံ့အကျိုးအတွက်သာ ဦးတည်ဆောင်ရွက်ကြောင်းလည်း ထင်ရှားလှပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသားတိုင်း လွတ်လပ်စွာ ရေးသားထုတ်ဝေဖြန့်ချိခွင့်ရှိသည်။ သတင်းမီဒီယာလုပ်ငန်းများ ဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ကို လက်တွေ့အကောင်အထည်ဖော်ကြရပေမည်။ လိုအပ်ချက်အားနည်းချက်များ ကုစားကြရပါမည်။

**ရပိုင်ခွင့်နှင့် တာဝန်**

ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာ ဝေဖန်ထောက်ပြ၊ အကြံပြုရေးသားကြရပါမည်။ နိုင်ငံသားတိုင်း သိခွင့်ရှိသော သတင်းအချက်အလက်များနှင့် သဘောထားအမြင်များကို ကျင့်ဝတ်စည်းကမ်းများနှင့်အညီ စုံစမ်းဖော်ထုတ်ရေးသားကြရပါမည်။ သတင်းထုတ်လွှင့်ကြရပါမည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ အစိုးရဌာန၊ အဖွဲ့အစည်းများတွင် သတင်းအချက်အလက်ရယူခွင့်၊ နေရာထိုင်ခင်းရခွင့်နှင့် ဝင်ထွက်သွားလာခွင့်တို့ ရရှိရပါမည်။ သတင်းမီဒီယာသမားများသည် အများပြည်သူ သိခွင့်ရှိသော သတင်းအချက်အလက်များကို တောင်းယူကြည့်ရှုခွင့်ရှိကြပါသည်။

သတင်းသမားများအနေဖြင့် ရပိုင်ခွင့်ရှိသကဲ့သို့ တာဝန်များလည်းရှိသည်ကို မမေ့ကြပါ။ မိမိတို့၏ ကျင့်ဝတ်တာဝန်ကို မဖောက်ဖျက်ကြရပါ။ သတင်းမှန်၊ တိကျဖို့ ပြည့်စုံဖို့ တာဝန်ယူကြရပါသည်။ သတင်းမှားရေးမိက သတင်းမှန် တင်ပြကြဖို့ အမှားကိုဝန်ခံတတ်ဖို့ လိုပါသည်။ တရားရုံး၊ မှုခင်းများအတွက် စည်းကမ်းချက်ကို လိုက်နာကြရပါမည်။

**တရားရေးဥပဒေ**

ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်၊ ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်း၊ ပြည်နယ်တရားရေးဦးစီးမှူး ဦးစိုးစိုး၊ ပြည်နယ်ဥပဒေအရာရှိ ဦးစောမြနှင့် တရားဥပဒေဆိုင်ရာပုဂ္ဂိုလ်များ စုံညီစွာ တက်ရောက်ခဲ့ကြပါသည်။ သတင်းသမားများ၏ တရားရေးဆိုင်ရာအခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြခွင့်ရရှိခဲ့ကြပါသည်။ တရားသူကြီးချုပ်ကိုယ်တိုင် သတင်းမီဒီယာ အမှာစကား ပြောကြားခဲ့သည်။ အတွင်းရေးမှူး ဦးသီဟစောနှင့် ဒေါက်တာ မျိုးသန့်တင်တို့ကလည်း ဖြည့်စွက်တင်ပြကြပါသည်။

**တရားရုံးသတင်းမီဒီယာလက်စွဲ**

ထိုနေ့က သတင်းလောကသားများ ကြည်နူးဝမ်းသာဖြစ်ခဲ့ရသော မမေ့နိုင်စရာအချက်တစ်ချက်မှာ “တရားရုံးသတင်းမီဒီယာလက်စွဲ”စာအုပ်ကို တက်ရောက်လာသူများအား အခမဲ့ဝေငှခဲ့သည့်အစီအစဉ် ဖြစ်ပါသည်။ အဆိုပါစာအုပ်စာစဉ်တွင် တရားရုံးများဖွဲ့စည်းပုံ၊ မှုခင်းများစစ်ဆေးစီရင်ခြင်း၊ မှုခင်းသတင်း အချက်အလက်ရယူခြင်း၊ တရားရုံးမှ သတင်းရယူရာတွင် သိရှိလိုက်နာရန်အချက်များ သိရှိသင့်သည်။ ပြစ်မှုဆိုင်ရာဥပဒေဝေါဟာရများ၊ တရားရုံးသတင်းပြန်ကြားရေးအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ ဤလက်စွဲကို သတင်းမီဒီယာသမားများ ကိုင်ဆောင်သုံးစွဲခွင့်ရခြင်းမှာ မဏ္ဍိုင်လေးရပ်အတွက် အားတက်ဖွယ်လက်နက်ကောင်းတစ်ရပ်ဟု ဆိုချင်ပါသည်။ အလားတူ မဏ္ဍိုင်များကလည်း သတင်းမီဒီယာသမားများ သိကောင်းစရာ(ဆောင်ရန်၊ ရှောင်ရန်၊ လက်စွဲစာစောင်များ) ဝေငှပေးနိုင်လျှင် ကြိုဆိုအပ်သော လုပ်ငန်းစဉ်ဖြစ်ပါလိမ့်မည်။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကလည်း သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများ၊ သတင်းမီဒီယာကျင့်ဝတ်နှင့် ကောင်စီ၏သမိုင်းအကျဉ်း(လက်စွဲစာစောင်)ကို အခမဲ့ဖြန့်ဖြူးဝေငှလျက်ရှိပါသည်။ မဏ္ဍိုင်လေးရပ်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေး၏ အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်ပါသည်။ ထိုနေ့က ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ၊ သတင်းမီဒီယာသမားများ မျက်နှာစုံညီဆွေးနွေးပွဲမှာ နိဒါန်းမျှသာရှိပါသေးသည်။

**အားနည်းချက်များမှတစ်ဆင့်**

ဗဟိုအဆင့် မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်က နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန၌ ပထမဆုံးအကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့် မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲကို ပထမဆုံး ရခိုင်ပြည်နယ်တွင် (ယခု) ကျင်းပနိုင်ခဲ့ပါပြီ။ အခြား အခြားသော ပြည်နယ်၊ တိုင်းဒေသကြီးများတွင်လည်း အလားတူ ကျင်းပဆောင်ရွက်ရပေဦးမည်။ အားနည်းချက်များကားရှိဆဲပင်။ အားနည်းချက်များမှတစ်ဆင့် အားသာချက်များကို ရယူဆောင်ရွက်သွားရမည်ဖြစ်သည်။ စာတွေ့မှလက်တွေ့ ကူးပြောင်းကြရပါမည်။ လက်တွေ့ဘဝဖြေရှင်းရပါဦးမည်။

**မဏ္ဍိုင်(၄)ရပ် မြင့်မြတ်တာဝန်**

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ သတင်းမီဒီယာ မဏ္ဍိုင်လေးရပ်တို့သည် အပြန်အလှန် ထိန်းကျောင်းခြင်း၊ ပွင့်လင်းမြင်သာရှိခြင်း၊ လေးစားခြင်း၊ ပြည်သူ့အကျိုးစီးပွားဦးထိပ်ထားခြင်းများဖြင့် မြင့်မြတ်သော တာဝန်ကို ဂုဏ်သိက္ခာမြင့်မားစွာထမ်းဆောင်သွားသင့်ပါကြောင်းကို ရခိုင်ပြည်နယ်သတင်းခရီးက ညွှန်ပြခဲ့ပါကြောင်း တင်ပြအပ်ပါသည်။ ။




ရခိုင်လွှတ်တော်ဂျာနယ်ကို တွေ့ရစဉ်။

## ရွှေဘိုဒေသ၌ နွေစပါးစတင်ရိတ်သိမ်းနေ၊ အထွက်နှုန်းနှင့် စပါးဈေးကောင်းနေ၍ လယ်သမားများ အဆင်ပြေနေ

**ရွှေဘို ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဒေသတွင် နွေစပါးစတင်ရိတ်သိမ်းနေ ပြီး အထွက်နှုန်းနှင့် စပါးဈေးကောင်းနေ၍ တောင်သူလယ်သမားများ စီးပွားရေးအဆင်ပြေနေကြကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

အဆိုပါရွှေဘိုဒေသသည် သဖန်းဆိပ်ဆည်ရေဖြင့် ယခုနှစ်တွင် နွေစပါး လယ်မြေဧကပေါင်း ၂ သိန်း ၃ သောင်း ၄ ထောင်ကျော်၊ အခြားသီးနှံများဖြစ်ကြသည့် နှမ်းနှင့် ပဲတီစိမ်း ဧကပေါင်း ၁ သိန်း ၃ သောင်း ၉ ထောင်ကျော်တို့ဖြစ်၍ စုစုပေါင်း လယ်မြေဧက ၃ သိန်း ၆ သောင်း ၄ ထောင်ကျော်ကို စိုက်ပျိုးခဲ့ရာ ယခုအချိန်တွင် အောင်မြင်ဖြစ်ထွန်းကာ ရင့်မှည့်ချိန်ရောက်လာမှုကြောင့် နွေစပါးများ စတင်ရိတ်သိမ်းစပြုနေပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးဆွေထံမှ သိရသည်။

နွေစပါးများကို အသွယ်စ စပါးမျိုးဖြစ်သည့် ဒေသအခေါ် ရက်ကိုးဆယ်၊ ခုနစ်ဆယ်နှစ်၊ ရွှေဆည်ရင်၊ ခွန်လေးခွန်(၇၄၇) စသည့်စပါးမျိုးများ စိုက်ပျိုးခဲ့ကြကြောင်း၊ ရိတ်သိမ်းခဲ့ကြသည့် စပါးများသည် တစ်ဧကလျှင် ပျမ်းမျှတင်း ၈၀ ဝန်းကျင်ခန့် ထွက်ရှိမှုကြောင့် စပါးအထွက်နှုန်းကောင်းကာ စပါးဈေးနှုန်းများလည်း စပါးအမျိုးအစား၊ အရည်အသွေး၊ ခရီးလမ်းအကွာအဝေး နေရာဒေသတို့အပေါ် မူတည်၍ စပါးတင်းတစ်ရာလျှင် ငွေကျပ် ၄ သိန်း ၃ သောင်းကျော်မှ ငွေကျပ် ၅ သိန်းကျော်အထိ အရောင်းအဝယ်ဖြစ်နေကြသည်။ အခြားသီးနှံများဖြစ်သည့် နွေနှမ်း၊ ပဲတီစိမ်းများကို စိုက်ပျိုးကြသည့် တောင်သူများလည်း နွေသီးနှံများ စိုက်ပျိုးရကျိုးနပ်ကြကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

“စပါးအထွက်နှုန်းနှင့် စပါးဈေးကောင်းနေပါတယ်။ စပါးအမျိုးအစား၊ အရည်အသွေး၊ ခရီးလမ်းအကွာအဝေး နေရာဒေသတို့အပေါ် မူတည်၍ စပါးတင်းတစ်ရာလျှင် ငွေကျပ် ၄ သိန်း ၃ သောင်းကျော်မှ ကျပ် ၅ သိန်းကျော်အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အသွယ်စထက် ၇၄၇ စပါးက ငွေကျပ် ၅ သောင်းလောက်ကွာပါတယ်။ စပါးဈေးကတော့ မိုးခေါင်ရင် မိုးမရွာရင် ဒီထက် ဈေးကျဆင်းရန် အကြောင်းမရှိပါဘူး”ဟု ရွှေဘိုမြို့နယ် ကျားရွာမှ စပါးပွဲစားဖြစ်သူ ဦးဖိုးပြားက ပြောသည်။

“၇၄၇ စပါးစိုက်တာ တစ်ဧကမှာတင်း ၈၀ နှုန်းလောက် ထွက်ရှိပြီး ငွေကျပ် ၄ သိန်း ၈ သောင်းဈေးနဲ့ ရောင်းရပါတယ်။ စပါးထွက်လို့ စပါးဈေးကောင်းရလို့ ဝမ်းသာနေပါတယ်”ဟု ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာမှ လယ်သမား ဒေါ်တင်စံက ပြောသည်။ **(ရောင်နီတင်ဝင်း)**

ကြေးမုံ
ဇွန် ၂၉၊ ၂၀၁၇

# ခုတင် (၅၀၀) ဆံ့ ဆေးရုံ ခွဲစိတ်ဆောင်၌ မီးလောင်မှုဖြစ်ပွား



**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ခုတင် (၅၀၀) ဆံ့ ဆေးရုံရှိ ခွဲစိတ်ဆောင်၌ ယနေ့နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် လမ်းမတော်မြို့နယ် (၉)ရပ်ကွက် ပြည်လမ်းနှင့်မင်းရဲကျော်စွာလမ်းထောင့်ရှိ RC-လေးထပ် ခုတင် (၅၀၀) ဆံ့ ဆေးရုံ ခွဲစိတ်ဆောင် ပထမထပ်ရှိ (20×40)ပေ အဝတ်လျှော်စက်နှင့် အဝတ်အခြောက်ခံစက်များထားရှိသည့်အခန်းမှ အဝတ်အခြောက်ခံစက်အသုံးပြုနေစဉ် မော်တာဂျန့်ဖြစ်ပြီး အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုဖြစ်ပွားရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုးဦးဆောင်ပြီး ကျောက်တံတားမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် လေးစီးအပါအဝင် အခြားမြို့နယ်များမှ မီးငြိမ်းသတ်ယာဉ် ခုနစ်စီး၊ ကွပ်ကဲမှုယာဉ် နှစ်စီးတို့ဖြင့် မီးငြိမ်းသတ်နိုင်ခဲ့ပြီး ဆေးရုံဝန်ထမ်းများက DCP (2kg) မီးသတ်ဆေးဘူး လေးဘူးဖြင့် ကနဦးမီးငြိမ်းသတ်ခဲ့ကြရာ နံနက် ၇ နာရီခွဲတွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် အထွေထွေလုပ်သား ကိုမျိုးဇော်ဦး (၂၈)နှစ်အား လမ်းမတော်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**သတင်း-စိုးဝင်း(MLA)**
**ဓာတ်ပုံ-အောင်ပြည့်**

❑

# မြင်းခြံမြို့တွင် မော်တော်ဆိုင်ကယ် ၃၃ စီး ခိုးယူမှု ဖော်ထုတ်ဖမ်းဆီးရမိ



**မြင်းခြံ ဇွန် ၂၈**

မြင်းခြံမြို့မရဲစခန်းက ခေတ္တစခန်းမှူး ရဲအုပ်မျိုးထွန်းအောင်နှင့်တပ်ဖွဲ့ဝင်များသည် မြင်းခြံမြို့တွင် မှုခင်းကျဆင်းရေးအတွက် ဆောင်ရွက်လျက်ရှိရာမှ မော်တော်ဆိုင်ကယ်ခိုးယူသူများအား ဇွန် ၂၈ ရက်တွင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မြင်းခြံမြို့တွင် မော်တော်ဆိုင်ကယ်ပျောက်ဆုံးမှုများကြောင့် မြို့မရဲစခန်းသို့ လာရောက်တိုင်တန်းမှုများရှိရာ ခေတ္တစခန်းမှူး ရဲအုပ်မျိုးထွန်းအောင်သည် နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့်အတူ ဖော်ထုတ်စစ်ဆေးရာမှ ဇွန် ၁၆ ရက်တွင် အမှတ် (၁) ရပ်ကွက်နေ မောင်စန်းဗိုလ်အား ဆိုင်ကယ် ခုနစ်စီး ခိုးယူထားမှုဖြင့် (ပ) ၉၈/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်အရေးယူထားသည်။ ဇွန် ၂၀ ရက်တွင် အခြားမော်တော်ဆိုင်ကယ် ခိုးယူထားသူများဖြစ်သည့် အမှတ် (၁) တိုးချဲ့ရပ်ကွက်နေ မောင်ယဉ်မင်းထွန်း (ခ) Y2K၊ အမှတ် (၃) ရပ်ကွက်နေ မောင်လှမင်းထက်(ခ)ဝတုတ် (ခ) တရုတ်ကြီးတို့အား မော်တော်ဆိုင်ကယ် ၁၃ စီး ခိုးယူထားမှုဖြင့် (ပ) ၂၃၂/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀/၅၄ ဖြင့် အမှုဖွင့်အရေးယူထားသည်။ ဇွန် ၂၆ ရက်တွင် အခြားမော်တော်ဆိုင်ကယ် ခိုးယူထားသူများဖြစ်သည့် အမှတ် (၁) တိုးချဲ့ရပ်ကွက်နေ စိုးထွန်း (ခ) ဘာလီ၊ ဆင်းဂွတ်ကျေးရွာနေ မျိုးလှိုင် (ခ) မျိုးကြီး တို့နှင့်အတူ ပူးပေါင်းပါဝင်သော အမှတ် (၂) ရပ်ကွက်နေ ဖြိုးဝေ(ခ)ချစ်မွေး တို့ကို မော်တော်ဆိုင်ကယ် ၁၃ စီး ခိုးယူထားမှုဖြင့် (ပ) ၂၄၇/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀/၅၄ ဖြင့် အရေးယူထားကြောင်း သိရသည်။

အဆိုပါ မော်တော်ဆိုင်ကယ်များကို မြင်းခြံမြို့တွင် အများဆုံးခိုးယူခဲ့ကြောင်း၊ မြင်းခြံမြို့နှင့် အနီးတစ်ဝိုက်ရှိမြို့များမှလည်း ခိုးယူခဲ့ကြောင်း၊ ထို့အပြင် မန္တလေးမြို့မှ မော်တော်ဆိုင်ကယ်များလည်း ခိုးယူသည့်အထဲတွင်ပါဝင်ကြောင်း သိရသည်။ ခိုးယူခံရသည့် မော်တော်ဆိုင်ကယ်ပိုင်ရှင်များအနေဖြင့် ပိုင်ဆိုင်ကြောင်း အထောက်အထားများ ယူဆောင်၍ မြို့မရဲစခန်းတွင် မိမိတို့ဆိုင်ကယ် ဟုတ်၊ မဟုတ် လာရောက်စစ်ဆေး ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

# မကွေးမြို့နယ်တွင် ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိ

**မကွေး ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့ ဈေးလယ်စိုးရပ်ကွက် မဲထီးလမ်း ပုညဝတီ ဓမ္မရိပ်သာ ဝင်/ထွက်ပေါက် အနောက်ဘက်ခြမ်း အုတ်နံရံဘေးကပ်လျက်တွင် ယမန်နေ့ ညနေ ၆ နာရီတွင် ဂျီတီ-၀၁၂၂၈၃ အလျားနှစ်ပေ၊ လုံးပတ် ၁၈ လက်မရှိ ယမ်းမပါသည့် ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိသည်။

အဆိုပါ ဗုံးသီးအား ပလတ်စတစ်ကောက်သူ မအေးအေးခိုင် ကမ်းနားလမ်းဆုံရပ်ကွက်၌ ပလတ်စတစ်ကောက်စဉ် တွေ့ရှိခဲ့သဖြင့် ပုညဝတီကျောင်းမှ ဝေယျာဝစ္စလုပ်ကိုင်သူ ဦးခင်မောင်ဌေးထံ ပြောပြခဲ့ရာ ရဲတပ်ဖွဲ့ဝင်များသို့ သတင်းပေးပို့ခဲ့သဖြင့် ဗုံးသီးဟောင်းတွေ့သည့်နေရာသို့ မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဗိုလ်မှူးကြီးနိုင်ဦး၊ မကွေးခရိုင်ရဲတပ်ဖွဲ့မှူးယာယီရဲမှူးကြီးကျော်ထွန်း၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး မြို့မစခန်းမှူးနှင့်ရဲတပ်ဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အမှတ်(၉၁၀)စစ်မြေပြင်အင်ဂျီနီယာတပ်မှ ဗိုလ်ကြီးအေးမင်းအောင်နှင့် တပ်မတော်သားများက ကြည့်ရှုစစ်ဆေးကြပြီး ည ၇ နာရီတွင် ဗိုလ်ကြီးအေးမင်းအောင်ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

# အင်းတော်နှင့်သိန္နီမြို့နယ်များတွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်ဘိန်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၈**

မူးယစ်တပ်ဖွဲ့စု(၆) ကသာမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၇ ရက်က အင်းတော်မြို့နယ် နဘားကျေးရွာအနီး ရွှေဘို-မြစ်ကြီးနားနှင့် ကသာ-နဘားသွား ကားလမ်းဆုံတွင် မြင့်ဇော် မောင်းနှင်လာသော ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၁၅ ပြားကို လည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် စိုင်းကျော်မောင်းနှင်ပြီး စိုင်းညွှန့်လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းစိမ်းသုံးကီလို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅၂ စီး၊ သွင်းကုန်အစီး ၅၇၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၂၂ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၇ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၁ ဒသမ ၂ သန်းခန့်)၊ မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှုကိုးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈ ဒသမ ၀၇ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉ ဒသမ ၂၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၇ ရက်တွင် မန္တလေးမှ မူဆယ်သို့သွားရောက်မည့်Toyota Alphard ယာဉ်ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပါင်းစစ်ဆေးရေးအဖွဲ့က တားဆီးရှာဖွေစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးဖြတ်စများအရွယ်စုံ (450)Kg နှင့် သယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇ ဒသမ ၅သန်းခန့်)ကို တွေ့ရှိ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



**တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးဖြတ်စများအရွယ်စုံနှင့် သယ်ဆောင်သည့်ယာဉ်။**

# တရားမဝင်သယ်ဆောင်လာသည့် ပိတောက်သစ်လုံးများ သီပေါမြို့ စံလောင်းကျေးရွာ၌ သိမ်းဆည်း

**သီပေါ ဇွန် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် သစ်တောဦးစီးဌာန စံလောင်းဘိနယ် မန္တလေး- လားရှိုး- မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်(၁၄၅-၁)ကြားတွင် ဇွန် ၂၇ ရက် ည ၈ နာရီခွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးနေမျိုးအောင် ဦးစီးသော တောအုပ်ကြီး ဦးအောင်ဝင်းနှင့်အဖွဲ့၊ ကျောက်မဲခရိုင် သစ်တောရှာဖွေဖော်ထုတ်မှုဖမ်းဆီးရေးအဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်ကျော်မင်း၊ လားရှိုးသစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ စောင့်ဆိုင်းနေစဉ် မန္တလေးမှလားရှိုးသို့ ယာဉ်မောင်းထွန်းထွန်းမင်း(ခ) ရှမ်းလေး (၃၄) နှစ်၊ ယာဉ်နောက်လိုက် ဆိုင်းအောင် (၂၃) နှစ်နှင့်ယာဉ်ပေါ်လိုက်ပါလာသူ မိုးမောက်မြို့နေ အိုက်လူ(ခ)ပန်းမိုင် (၄၁) နှစ်၊ လားရှိုးမြို့နေ စိုင်းဝဏ္ဏတို့ လိုက်ပါလာသော ယာဉ် 5H/------ ၁၂ ဘီးယာဉ်ကို ရှာဖွေစစ်ဆေးခဲ့သည်။

အဆိုပါယာဉ်ပေါ်တွင် တရားမဝင်ပိတောက်သစ်လုံး တစ်လုံး (သုည ဒသမ ၁၂၀) တန်၊ သုံးပေအောက် ပိတောက်သစ်လုံးနှစ်လုံး (သုည ဒသမ ၀၅၈ တန်)၊ ပိတောက်ခါးရွေ ၅၉ တုံး(၄ ဒသမ ၈၉၃၆ တန်) စုစုပေါင်း ပိတောက်သစ် ၆၂ လုံး (၅ ဒသမ ၀၇၁၆ တန်) အား သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်သစ်သယ်ဆောင်လာသူတို့ကို သီပေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# အနာဂတ်ကိစ္စရပ်ကို ရွန်းနီ ရှင်းရှင်းလင်းလင်း ဆောင်ရွက်ခြင်းမရှိသည့်အပေါ် ဂယ်ရီနဗီးလ် အံ့အားသင့်



မန်ယူအသင်းခေါင်းဆောင် ရွန်းနီရဲ့အနာဂတ်ကိစ္စရပ်ကို ရှင်းရှင်းလင်းလင်း လုပ်ဆောင်ခြင်းမရှိဘဲ ဝေ့လည်ကြောင်ပတ်အနေအထားဆိုက်နေသည့်အပေါ် အံ့အားသင့်မိကြောင်း မန်ယူအသင်းခေါင်းဆောင်ဟောင်း ဂယ်ရီနဗီးလ်က ဖွင့်ဟ ပြောကြားလိုက်သည်။ ရွန်းနီမှာ မန်ယူအသင်း၏ ရာသီကြို ခြေစမ်းခရီးစဉ်တွင် ပါဝင်ရန် ဇူလိုင် ၈ ရက်တွင် မန်ယူနှင့် ပြန်လည်ပူးပေါင်းမည်ဖြစ်ပြီး မန်ယူတွင်ဆက်နေမည်လား၊ ထွက်ခွာမည်လားဆိုသည်ကို အခုထိ ရှင်းရှင်းလင်းလင်း မသိရသေးဘဲ ရှိနေသည်။ ရွန်းနီ၏ ဆန္ဒအရမူ မန်ယူတွင် စာချုပ်သက်တမ်းကုန်ဆုံးသည်အထိ ဆက်လက်ကစားလိုသော်လည်း မန်ယူအသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပေးရမည်ကို မလိုလားဘဲ ယခုနှစ်နွေဈေး ကွက်အတွင်းမှာပင် ထုတ်ရောင်းလိုခြင်းဖြစ်သည်။ သို့သော် ခေါ်ယူလိုသည့် ဥရောပအသင်းများက လစာနှုန်းထားမြင့်မားစွာ ပေးချေရမည်ဖြစ်သည့်အတွက် ရွန်းနီကို ခေါ်ယူရန် လက်တွန့်နေခြင်းဖြစ်ပြီး ရွန်းနီကို စဉ်ဆက်မပြတ် ဆက်သွယ်ခဲ့သည့် စူပါလိဂ်ကလပ်အသင်းများကလည်း တရုတ်အခွန်ဥပဒေသစ်ကြောင့် နိုင်ငံခြားသား ကစားသမားများကို ခေါ်ယူရန် အနည်းငယ်တွန့်ဆုတ်နေသည့် အနေအထားဖြစ်သည်။ တရုတ်နိုင်ငံသည် ယခု ဇွန်လအတွင်းမှာပင် နိုင်ငံခြားသားကစားသမားများ၏ လွှမ်းမိုးမှုထက် ပြည်တွင်းကစားသမားများ နေရာပိုမိုရစေရန် ရည်ရွယ်ချက်ဖြင့် ပြောင်းရွှေ့ကြေးအတိုင်းအခွန်ဆောင်ရမည်ဟူသော ဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့ရာ တရုတ်စူပါလိဂ်ကလပ်အသင်းများ၏ နာမည်ကျော်နိုင်ငံခြားသားများ ဆွဲဆောင်စည်းရုံးရေးအရှိန်ကို သိသိသာသာ လျော့ကျစေမည်ဖြစ်သည်။

ဝိန်းရွန်းနီမှာ ပြီးခဲ့သည့်ဘောလုံးရာသီက မန်ယူအရန်ခုံတွင်သာ အချိန်ကုန်ဆုံးခဲ့ရပြီး ယူရိုပါလိဂ်ဗိုလ်လုပွဲစဉ်တွင်လည်း ပွဲချိန် ၈၉ မိနစ် မန်ယူအသင်းနှစ်ဂိုးရရှိပြီးခါမှ လူစားလဲကစားသမားအဖြစ် ဝင်ရောက်ကစားခွင့်ရခဲ့သည်။ ပြီးခဲ့သည့် ဇန်နဝါရီ ဈေးကွက်အတွင်းမှာပင် မန်ယူအသင်းမှ ရွန်းနီထွက်ခွာမည်ဟု သတင်းများထွက်ခဲ့သေးသော်လည်း ကာယကံရှင်ကိုယ်တိုင်က ရာသီကုန်မှသာ သူ၏ အနာဂတ်ကိစ္စရပ်ကို အပြီးသတ်ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက်တွင် ရွန်းနီရဲ့ အပြောင်းအရွှေ့ယာယီငြိမ်သက်သွားခဲ့သည်။ ယူရိုပါလိဂ်ဗိုလ်လုပွဲအပြီးတွင် နည်းပြ မော်ရင်ဟိုက ရွန်းနီကို မန်ယူအတွက် ဆက်လက်ကစားစေလိုကြောင်း ပြောကြားခဲ့သော်လည်း တကယ်တမ်းတွင်မူ ရွန်းနီနှင့် မန်ယူ အနာဂတ်ကိစ္စရပ်ကို ခုထိရှင်းရှင်းလင်းလင်းအဖြေမပေးသေးဘဲရှိနေဆဲဖြစ်သည်။

# ရီးယဲလ်မက်ဒရစ်အသင်းတွင် မက်ပီအတွက် ပုံမှန်ပွဲထွက်ခွင့်နေရာ ခက်ခဲမည်ဟု ရီးယဲလ်ဥက္ကဋ္ဌကြီး ပီရက်ဇ်ဆို



ချန်ပီယံလိဂ်ဖလားနှစ်နှစ်ဆက်တိုက်ဆွတ်ခူးခဲ့သည့် ရီးယဲလ်မက်ဒရစ်အနေဖြင့် (၁၈)နှစ်သားလေး မက်ပီကို စိတ်ဝင်စားမှုရှိနေသော်လည်း ပုံမှန်ပွဲထွက်ခွင့်ရရှိမည်ဟူသော အာမခံချက်မျိုးပေးနိုင်မည်မဟုတ်ကြောင်း ရီးယဲလ်ဥက္ကဋ္ဌကြီး ပီရက်ဇ်က ပြောကြားခဲ့သည်။ ပီရက်ဇ်က ဇီဒန်းမှာ မက်ပီကို ရီးယဲလ်သို့ ခေါ်ယူရန် စိတ်ဝင်စားမှုရှိသော်လည်း ရီးယဲလ်တွင် မက်ပီအတွက် နေရာရှာဖွေရန် ခဲယဉ်းမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

မက်ပီကို ဥရောပအသင်းကြီးများက ခေါ်ယူနိုင်ရန် အပြိုင်အဆိုင်ကြိုးပမ်းနေပြီး ပီအက်စ်ဂျီအသင်းက ပြီးခဲ့သည့်ရက်ပိုင်းကပင် ယူရို ၁၃၅ သန်းဖြင့် ကမ်းလှမ်းခဲ့သေးသည်။ ရီးယဲလ်အသင်းသည် ယခုနှစ်နွေဈေးကွက်အတွင်း ဘီဘီစီတိုက်စစ်အတွဲ ဘေးလ်-ဘင်ဇီမာ-စီရိုနယ်လ်ဒိုတို့ထဲမှ တစ်ဦးကို ထုတ်ရောင်းပြီး မက်ပီကို ပြန်လည်ဝယ်ယူမည်ဟု သတင်းများထွက်နေသည်။ ဥက္ကဋ္ဌကြီး ပီရက်ဇ်က မက်ပီ၏ ခြေစွမ်းကိုသဘောကျနှစ်ခြိုက်သော်လည်း အပြောင်းအရွှေ့မှာ ထင်သလောက်မလွယ်ဟု ယူဆထားသည်။

မက်ပီကိစ္စနှင့်ပတ်သက်၍ ပီရက်ဇ်က" မက်ပီက အတော်ကောင်းတဲ့ ကစားသမားလေးပါ။ ဒီအပြောင်းအရွှေ့က ပြီးခဲ့တဲ့နှစ် ပေ့ါဘာရဲ့ ကိစ္စရပ်ကို ပြန်သတိရသွားစေပါတယ်။ အသက်(၁၈)နှစ်အရွယ်နဲ့ ရီးယဲလ်အတွက် ကစားခွင့်ရသူဆိုတာ သိပ်မရှိပါဘူး။ ဒါကြောင့် ကျွန်တော်တို့ စိတ်ရှည်ရပါမယ်။ ဇီဒန်းရဲ့ စိတ်ထဲမှာတော့ သူ(မက်ပီ) ရှိပါတယ်" ဟု မှတ်ချက်ပြုခဲ့သည်။

ပီရက်ဇ်က စီရိုနယ်လ်ဒိုမှာ အခွန်ကိစ္စစွပ်စွဲခံရမှုအတွက် ဒေါသထွက်နေသော်လည်း ရီးယဲလ်တွင် ဆက်နေမည်ဟု မျှော်လင့်ကြောင်း ဆိုခဲ့သေးသည်။ ရီးယဲလ်နည်းပြ ဇီဒန်းကလည်း မန်ယူအသင်းမှ တောက်လျှောက်ချိတ်ဆက်နေသည့် ဂါရတ်ဘေးလ်မှာ ရောင်းချမည့်ကစားသမားမဟုတ်ဟု ဆိုထားပြီး ဘင်ဇီမာကိုလည်း ပုံမှန်ပွဲထွက်ကစားခွင့် ပေးထားသောကြောင့် မည်သူကို ထုတ်ရောင်းမည်လဲဆိုသည်မှာ စဉ်းစားရကျပ်သည့်အနေအထားပင်ဖြစ်သည်။

# ခရစ္စတယ်ပဲလေ့စ်အသင်း၏ မှားယွင်းသည့်လုပ်ရပ်



၂၀၀၄ ခုနှစ် ရိန်းဂျားအသင်းလေ့ကျင့်ရေးကွင်းတွင် တွေ့ရသော ရိုနယ်လ်ဒီဘိုးဝါးနှင့် ဖရန့်ဒီဘိုးဝါး

ခရစ္စတယ်ပဲလေ့စ်အသင်းသည် နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့သည့် ဖရန့်ဒီဘိုးဝါးအကြောင်းကို တွစ်တာစာမျက်နှာပေါ်တင်ခဲ့ရာတွင် ဖရန့်ဒီဘိုးဝါး၏ အမြွှာညီအစ်ကိုဖြစ်သူ ရိုနယ်လ်ဒီဘိုးဝါး၏ ဓာတ်ပုံများကို မှားယွင်းအသုံးပြုခဲ့ကြောင်း သိရသည်။ ယင်းဖြစ်ရပ်အပေါ် ရိုနယ်လ်ဒီဘိုးဝါးက "ဖရန့်ရေ မင်းရဲ့လှုပ်ရှားမှု ကောင်းကောင်းပုံတွေက ရှာရခက်တော့ ငါ့ဓာတ်ပုံတွေကို မင်းအစားသုံးသွားတာပေ့ါကွာ"ဟု ပဲလေ့စ်အသင်း မှားယွင်းဖော်ပြခဲ့သည့် ဓာတ်ပုံနှစ်ပုံနှင့်တကွ သူ၏တွစ်တာစာမျက်နှာပေါ် တင်ခဲ့သည်။

ရိုနယ်လ်ဒီဘိုးဝါးမှာ အေဂျက်စ်ယူ-၁၉ အသင်း လက်ထောက်နည်းပြအဖြစ် တာဝန်ယူဆောင်ရွက်နေသူဖြစ်ပြီး နည်းပြဘဝတွင် ဖရန့်ဒီဘိုးဝါးလောက် အောင်မြင်မှုမရရှိသေးသူဖြစ်သည်။ သူတို့နှစ်ဦးသည် အေဂျက်စ်၊ ဘာစီလိုနာနှင့် နယ်သာလန်လက်ရွေးစင်အသင်းတွင် အတူတကွကစားခဲ့ကြသူများဖြစ်ပြီး ရုပ်ချင်းအတော်ဆင်သည့် အမြွှာညီအစ်ကိုများဖြစ်ကြသည်။

ပဲလေ့စ်အသင်းသည် ပြီးခဲ့သည့်တနင်္လာနေ့ ဖရန့်ဒီဘိုးဝါးကို နည်းပြ ဆမ်အလာဒိုက်စ်နေရာတွင် အစားထိုးခန့်အပ်နိုင်ခဲ့ပြီးနောက် သူတို့အသင်း တွစ်တာစာမျက်နှာပေါ်တွင် ဖရန့်ဒီဘိုးဝါး၏ အကြောင်းကိုတင်ခဲ့ရာ ရိုနယ်လ်ဒီဘိုးဝါး၏ ဓာတ်ပုံများကို မှားယွင်းအသုံးပြုခဲ့ခြင်းဖြစ်သည်။

# မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် ခြေလှမ်းတိုးလာပြီဖြစ်သည့် မိုရာတာ



ရီးယဲလ်တိုက်စစ်မှူး မိုရာတာက မန်ယူအသင်းသို့ ပြောင်းရွှေ့သည့်ကိစ္စ အမြန်ဆုံးပြီးပြတ်ရန် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဆွေးနွေးမှုများကို အရှိန်မြှင့်ရေးအတွက် ဇနီးဖြစ်သူ အဲလစ်ကန်ပယ်လိုနှင့် ပျားရည်ဆမ်းခရီးထွက်နေရာမှ မက်ဒရစ်မြို့သို့ ရုတ်တရက်ပြန်လာခဲ့သည်။ မက်ဒရစ်သို့ မိုရာတာ ပြန်လာသည့် အဓိကအကြောင်းရင်းမှာ မန်ယူသို့ ပေါင် ၆၃ သန်းဖြင့် ပြောင်းရွှေ့ခွင့်ပေးရန် ရီးယဲလ်အသင်းကို တွန်းအားပေးရေးအတွက် ဖြစ်သည်။

သတင်းရင်းမြစ်များ၏ အဆိုအရ ရီးယဲလ်သည် မိုရာတာအတွက်ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၈၀ အထိ တိုးမြှင့်လိုက်ပြီး မန်ယူ၏ခြေလှမ်းများကို ရပ်တန့်အောင် ဆောင်ရွက်နေရာ မိုရာတာက ရီးယဲလ်နှင့် တွေ့တွေ့ဆိုင်ဆိုင်ညှိနှိုင်းမှုပြုလုပ်ရန် ယခုကဲ့သို့ ပျားရည်ဆမ်းခရီးထွက်နေသည့်ရက်ကို လျှော့ချကာ မက်ဒရစ်သို့ ပြန်လာခဲ့ခြင်းဖြစ်သည်။

မိုရာတာမှာ မန်ယူနည်းပြ မော်ရင်ဟိုနှင့် ဖုန်းဖြင့် အကြိမ်ကြိမ်ဆွေးနွေးမှုပြုခဲ့ပြီးနောက် မန်ယူသို့ပြောင်းရွှေ့မည်ဟု ပုဂ္ဂိုလ်ရေးအရ ကတိကဝတ်ပြုခဲ့ပြီးဖြစ်သည်။ သို့သော် ရီးယဲလ်မက်ဒရစ်အသင်းက မိုရာတာ၏ ပြောင်းရွှေ့ကြေးကို ထပ်တိုးသတ်မှတ်လိုက်ရာ မန်ယူ၏ ခြေလှမ်းများနောက်ဆုတ်သွားမည်ကို မိုရာတာက စိုးရိမ်နေပြီး အပြောင်းအရွှေ့အလျင်အမြန်ပြီးပြတ်ရန် လိုလားနေခြင်းဖြစ်သည်။ ရီးယဲလ်အသင်းသည် ပြီးခဲ့သည့်နှစ်နွေရာသီက မိုရာတာကို ဂျူဗင်တပ်မှ ပြန်လည်ဝယ်ယူခွင့် စာချုပ်ပါအချက်ဖြင့် ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ သို့သော် မိုရာတာမှာ ဘင်ဇီမာ၏နောက် ဒုတိယဦးစားပေးကစားသမားအဖြစ်သာ ကစားခွင့်ရနေခြင်းကြောင့် ပုံမှန်ပွဲထွက်ခွင့်ရ အသင်းတစ်သင်းဆီသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေသည်။

လာလီဂါ ချန်ပီယံအဖြစ် အောင်ပွဲခံသည့် အခမ်းအနားတွင်လည်း မိုရာတာမှာ ပရိသတ်များဘက်သို့ကြည့်ပြီး ငိုကြွေးခဲ့ရာ အသင်းဖော်များက ဝိုင်းဝန်းနှစ်သိမ့်ခဲ့ရပြီး မိုရာတာက နည်းပြ ဇီဒန်းက သူ့ကို အသင်းမှထွက်ခွာရန် ဆန္ဒရှိသဖြင့် မျက်ရည်ကျရခြင်းဖြစ်သည်ဟု ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မေလဲ့သင်း - စုစည်းသည်

## နောက်ဆုံးရ အပြောင်းအရွှေ့ သတင်းများ

- ❖ အေစီမီလန်အသင်းသည် ရီးယဲလ်မက်ဒရစ်ကွင်းလယ်လူ ဂျိမ်းစ်ရိုဒရီရီဂွက်ဇ်ကို ခေါ်ယူရေးကို လက်လျှော့လိုက်ပြီဖြစ်ရာ ဂျိမ်းစ်အတွက် မန်ယူနှင့် ချယ်လ်ဆီးတို့သာ အဓိကထားယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။ သို့သော် မီလန်အသင်းက အသက်(၃၁)နှစ်အရွယ် အာဆင်နယ်ဝါရင့်နောက်ခံလူ ကိုစီယယ်နီကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။
- ❖ မန်ယူနည်းပြ မော်ရင်ဟိုက မာတစ်ကို ရရှိရန် နီးစပ်နေသည့် အချိန်မှာပင် အသက်(၂၃)နှစ်အရွယ်မိုနာကို ကစားသမား ဖာဘင်ဟိုကိုလည်း ခေါ်ယူနိုင်ရန် အင်မတန်နီးစပ်သည့် အနေအထားရောက်ရှိလာပြီဖြစ်သည်။ အကယ်၍ ဖာဘင်ဟိုသာ မန်ယူသို့ ရောက်ရှိလာပါက ကွင်းလယ်ထက် ညာတောင်ပံ ခံစစ်တွင် ကစားနိုင်ရရန် မော်ရင်ဟိုက စီစဉ်ထားခြင်းဖြစ်သည်။

# လူမှုပတ်ဝန်းကျင်တွင် လက်တွေ့အသုံးဝင်မည့် ပြောင်းလဲမှုများကို စနစ်တကျလုပ်ဆောင်ကြရန် တိုင်းဒေသကြီးဝန်ကြီးချုပ် ပြောကြား

**ပဲခူး ဇွန် ၂၈**
ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့နှင့် ယာဉ်လုပ်ငန်းများကြီးကြပ်ရေး ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးတွင် မကြာမီ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကြီး တည်ဆောက်တော့မည်ဖြစ်၍ သယ်ယူပို့ဆောင်ရေးကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍမှာ ပါဝင်လာတော့မည်ဖြစ်ကြောင်း၊ ယခုအချိန်ကတည်းက သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့်ပတ်သက်သည့် အဖွဲ့အစည်းများ ထပ်မံဖွဲ့စည်းခြင်း၊ ရွေးချယ်ခြင်းများ ဆောင်ရွက်ရတော့မည်ဖြစ်ကြောင်း၊ လက်ရှိပဲခူးတိုင်းဒေသကြီးယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီသည် လာမည့်ဩဂုတ်လတွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး အသစ်ပြန်လည်ရွေးချယ်နိုင်ရေးအတွက် သမာသမတ်ကျသည့် ကော်မရှင်အဖွဲ့ဖွဲ့စည်းသွားရန်၊ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်များအနေဖြင့်လည်း သတ်မှတ်ချက်များနှင့်အညီဖြစ်စေရန် လိုအပ်ကြောင်း၊ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင် နာမည်ပြောင်းရုံဖြင့်မရဘဲ လူမှုပတ်ဝန်းကျင်တွင် လက်တွေ့အသုံးဝင်မည့် စနစ်တကျ ပြောင်းလဲခြင်းမျိုး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဝင်များက ပဲခူးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီ ပြန်လည်ဖွဲ့စည်းနိုင်ရန် ကော်မရှင်တစ်ရပ် ဖွဲ့စည်းနိုင်ရေးနှင့် ကိုယ်စားလှယ်လောင်းများ၏ သတ်မှတ်အရည်အချင်းများ စသည်တို့ကို ဆွေးနွေးတင်ပြခဲ့သည်။

ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီသို့ ဝင်ရောက်ယှဉ်ပြိုင်ရမည့် ကိုယ်စားလှယ်လောင်းများအနေဖြင့်



နိုင်ငံသားဖြစ်ရန်၊ ပဲခူးတိုင်းဒေသကြီးတွင် အခြေချနေထိုင်သူဖြစ်ရန်၊ အကျင့်စာရိတ္တကောင်းမွန်ရန်၊ (၂၄)နာရီ တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရန်၊ ကျန်းမာရေးကောင်းမွန်ရန်၊ အသက်(၂၅)နှစ် ပြည့်ပြီးသူဖြစ်ရန် စသည့်အချက်များနှင့် ကိုက်ညီရမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ ဝန်ကြီးချုပ်နှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ သက်ဆိုင်ရာကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

**တင်စိုး(ပဲခူး)**



## ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် ဇွန် ၂၈**
ရန်ကုန်မြို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ် (YMBA)နှစ်ပတ်လည် အစည်းအဝေးကို ဇွန် ၂၅ ရက် နံနက် ၉ နာရီကအသင်းချုပ် အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစ်ည်းအဝေးတွင်အသင်းဥက္ကဋ္ဌ ဦးတင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အမှုဆောင်အဖွဲ့ဝင် ဦးဝင်းညွန့်က၂၀၁၆- ၂၀၁၇ အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကိုဖတ်ကြားသည်။

ထို့နောက်အသင်းသို့ ဦးစိုးဝင်း (တက္ကသိုလ်စိုးရင်) မိသားစုက ငွေကျပ်တစ်သိန်း၊ ရွှေပုစွန်မိသားစုမှ ဒေါက်တာတင်စိုးလင်းကိုယ်စား ဒေါက်တာသက်ဆွေက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုကော်မတီဝင် ဆရာမောင်ကျေးဇူးက ငွေကျပ် ငါးသောင်းတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

## ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ရွှေမန်းမောင်နှင့်ကာယအလှမယ်ပြိုင်ပွဲကျင်းပ

**မန္တလေး ဇွန် ၂၈**
မန္တလေးတိုင်းဒေသကြီးကာယဗလနှင့်ကာယကြံ့ခိုင်မှုဆပ်ကော်မတီမှကြီးမှူး၍၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ်ရွှေမန်းမောင်နှင့် အမျိုးသား အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲကို ဇွန် ၂၇ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ရွှေမန်းမောင်အငယ်တန်း၊ အကြီးတန်း၊ ၁၇၀ စင်တီမီတာ အောက်နှင့်အထက် အမျိုးသားကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ ၁၆၀ စင်တီမီတာအောက်နှင့် အထက် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲများကို အစီအစဉ်အတိုင်းကျင်းပရာ ပြိုင်ပွဲဝင်များကသတ်မှတ်ကိုယ်ဟန်တို့ဖြင့် ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကြီးကြပ်အကဲဖြတ်ဒိုင် အဖွဲ့ဝင်များက အမှတ်ပေးရွေးချယ်ပေးကြသည်။ ရွှေမန်းမောင်အငယ်တန်းတွင် ပထမဆု မောင်မဲကြီး၊ ဒုတိယဆု ဇင်ဝင်းထွန်း၊ တတိယဆု သူရိန်၊ ၁၇၀ စင်တီ မီတာအောက်အမျိုးသားကာယကြံ့ခိုင်မှု ပြိုင်ပွဲတွင် ပထမဆုမင်းမင်း၊ ဒုတိယဆု ရန်ပိုင်စိုး၊ တတိယဆု တင်စိုးဝင်း၊ ၁၇၀ စင်တီမီတာအထက် အမျိုးသားကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ပထမဆု တိုးဝေချစ်၊ ဒုတိယဆု အောင်ကိုမင်း၊ တတိယဆု နေသူရလှိုင်တို့ကရရှိပြီး ၁၆၀ စင်တီမီတာအထက် အမျိုးသမီးကာယကြံ့ခိုင်မှု ပြိုင်ပွဲတွင် ပထမဆု စန္ဒာဝင်း၊ ဒုတိယဆု မေသကြ်ာန်ဦး၊ တတိယဆု နန်းမိုးခေး၊ ၁၆၀ စင်တီမီတာအောက်အမျိုးသမီးကာယကြံ့ခိုင်မှု ပြိုင်ပွဲတွင် ပထမဆု သန္တာဦး၊ ဒုတိယဆု ခင်ရဲမောက်၊ တတိယဆု ဂရေ့စ်၊ ရွှေမန်းမောင်ပြိုင်ပွဲတွင် ပထမဆုအောင်စိုးမင်း၊ ဒုတိယဆု မောင်မဲကြီး၊ တတိယဆု ခင်မောင်ထွန်းတို့ရရှိကြရာ တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဒေါက်တာစိုးသန်းနှင့် တာဝန်ရှိသူများကဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားသမားများ ကြိုတင်ပြင်ဆင် လေ့ကျင့်လျက်ရှိ

**နေပြည်တော် ဇွန် ၂၈**
မလေးရှားနိုင်ငံ၌ ၂၀၁၇ ခုနှစ် ဩဂုတ် ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များ အောင်မြင်မှုရရှိပြီး အားကစားဖြင့် မြန်မာနိုင်ငံဂုဏ်ကို မြှင့်တင်နိုင်ရေးအတွက် နေပြည်တော်၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မြန်မာလက်ရွေးစင်အားကစားသမားများ လေ့ကျင့်နေမှုကို ဇွန် ၂၇ ရက် ညနေ ၃ နာရီတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးတို့သည် အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ကြည့်ရှု စစ်ဆေးခဲ့သည်။

ရှေးဦးစွာ အမြဲတမ်းအတွင်းဝန်နှင့်အဖွဲ့သည် နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဘိလိယက်အားကစားလေ့ကျင့်ရုံ၌ လေ့ကျင့်လျက်ရှိသော ဘိလိယက် အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ခံအရာရှိများက ပြိုင်ပွဲလူရွေးချယ်ထားရှိမှု၊ ရန်ကုန်နှင့် နေပြည်တော် တစ်လှည့်စီ လေ့ကျင့်နေမှု၊ ပြိုင်ပွဲဝင်လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်း၊ ပြိုင်ပွဲဝင်ပုံစံအတိုင်း ပြင်ဆင်လေ့ကျင့်စေမှုများကို ရှင်းလင်းပြောကြားရာ အမြဲတမ်းအတွင်းဝန်က ဘိလိယက် အားကစားနည်းသည် စိတ်ပညာနှင့်ဆိုင်ကြောင်း၊ သို့ဖြစ်၍ ပြိုင်ပွဲကျင်းပမည့် နိုင်ငံနှင့် မိမိတို့နိုင်ငံ အချိန်ကွာခြားမှုကို မူတည်၍ ပြိုင်ပွဲဝင်အချိန်အတိုင်းဖြစ်အောင် ပြင်ဆင်လေ့ကျင့်စေရေး၊ ပြိုင်ပွဲကျင်းပမည့်နိုင်ငံတွင် အအေးချိန်၊ အပူချိန်တို့နှင့် အနီးစပ်ဆုံးဖြစ်အောင် လေ့ကျင့်ပေးစေရေး၊ ယခုအားကစားနည်းသည် ရွှေမျှော်မှန်းထားသော အားကစားနည်းဖြစ်၍ ပိုမိုဂရုစိုက် လေ့ကျင့်ကာ ပြိုင်ပွဲဝင်ရန် မှာကြားခဲ့သည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ လေ့ကျင့်လျက်ရှိသော ပိုက်ကျော်ခြင်း အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးရာ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဇင်မိုးမှ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိမှု၊ ပြိုင်ဘက်နိုင်ငံများ၏ အားနည်းမှု၊ အားသာမှု၊ ပြောင်းလဲပြင်ဆင်ထားသော ပြိုင်ပွဲစည်းမျဉ်းဥပဒေများ၊ မိမိတို့ ရွှေတံဆိပ်ရရှိရေးတွင် အားကစားနည်းအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားရာ အမြဲတမ်းအတွင်းဝန်မှ ပိုက်ကျော်ခြင်း အားကစားနည်းသည် မြန်မာနိုင်ငံတွင် အရှေ့တောင်အာရှသာမက အာရှအဆင့် ပြိုင်ပွဲများ၌ပါ ရွှေတံဆိပ်ရယူခဲ့သော အားကစားနည်းဖြစ်၍ ပြိုင်ပွဲနီးကပ်လာသည်နှင့်အမျှ အားကစားသမားများ၏ လေ့ကျင့်မှုကောင်းမွန်စေရေး၊ နေထိုင်စားသောက်မှု သက်သောင့်သက်သာ ရှိစေရေး၊ အားကစားသမားများ စည်းကမ်းအထူးကောင်းမွန်စေရေး၊ အနားယူနိုင်ရန် ဖုန်း၊ အင်တာနက်များ မသုံးစေရေး အထူးဂရုစိုက်ရန် မှာကြားခဲ့သည်။

အမြဲတမ်းအတွင်းဝန်သည် ဝဏ္ဏသိဒ္ဓိတိုက်ကွမ်ဒိုလေ့ကျင့်ရေးအားကစားရုံ၌ လေ့ကျင့်လျက်ရှိသော တိုက်ကွမ်ဒိုအားကစားသမားများကို လည်းကောင်း၊ ရိုးရာခြင်းလုံးလေ့ကျင့်ရုံ၌ လေ့ကျင့်လျက်ရှိသော ရိုးရာခြင်းလုံးအားကစားသမားများကိုလည်းကောင်း၊ ဘတ်စကက်ဘော လေ့ကျင့်ရေးအားကစားရုံ၌ လေ့ကျင့်လျက်ရှိသော ဘတ်စကက်ဘောသမားများ လေ့ကျင့်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအရာရှိ၊ နည်းပြများမှ ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများအား အသီးသီးရှင်းလင်းပြောကြားရာ အမြဲတမ်းအတွင်းဝန်မှ ပြိုင်ပွဲလေ့ကျင့်မှုအထောက်အကူပြုပစ္စည်းများ ပြိုင်ပွဲဝင်ပုံစံအတိုင်းရရှိစေရေး၊ ပြိုင်ပွဲ၌ စည်းမျဉ်းဥပဒေများ ပြောင်းလဲမှုအား ဆုတံဆိပ်မနစ်နာစေရန် ပြောင်းလဲထားသော ဥပဒေအတိုင်း တိကျစွာ ကြိုတင်ပြင်ဆင်လေ့ကျင့်စေရေး လမ်းညွှန်မှာကြားခဲ့ပြီး ဝဏ္ဏသိဒ္ဓိ မြားပစ်အားကစားကွင်း၌ လေ့ကျင့်လျက်ရှိသော မြားပစ်အားကစားသမားများအား သွားရောက်ကြည့်ရှုစစ်ဆေးရာ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယအမြဲတမ်းအတွင်းဝန်မှ ပြိုင်ပွဲတွင် အားကစားနည်းကို ဆုတံဆိပ်ရရှိရေး ကြိုတင်ပြင်ဆင်လူရွေးချယ် လေ့ကျင့်နေမှု၊ ပြိုင်ပွဲအားကစားအထောက်အကူပြုပစ္စည်း၊ အကောင်းဆုံးပြိုင်ပွဲဝင်ပုံစံအတိုင်း ပံ့ပိုးလေ့ကျင့်စေရန် စီစဉ်ထားရှိမှု၊ စိတ်ပိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးလေ့ကျင့်နေမှုကို ရှင်းလင်းတင်ပြရာ အမြဲတမ်းအတွင်းဝန်မှ တစ်ဦးချင်းစီတွေ့ဆုံ၍ နိုင်ငံတော်အတွက် အားကစားဖြင့် နိုင်ငံ၏ဂုဏ်ဆောင်နိုင်ရေး၊ ရွှေတံဆိပ်ရရှိအောင် အထူးကြိုးစားကြစေလိုကြောင်း၊ နိုင်ငံတော်မှလည်း အကောင်းဆုံးပံ့ပိုးလုပ်ဆောင်ပေးမည်ဖြစ်ကြောင်း လမ်းညွှန်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

# လယ်မြေများရေနစ်မြုပ်မှုမရှိစေရန် ပြီစုတ်ချောင်းတူးဖော်မှုပြီးစီး၍တောင်သူများအဆင်ပြေ

**ရေတာရှည် ဇွန် ၂၈**
မိုးရာသီကာလရောက်တိုင်း ချောင်းငယ်မြောင်းငယ်များ ရေလျှံမှုများကြောင့် တောင်သူများ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲများစွာဖြစ်ပေါ်ကြရသည့်အတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ခွင့်ပြုရန်ပုံငွေဖြင့် ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာအနီး သစ်တောကြိုးဝိုင်းဒေသနှင့် အမြန်လမ်းမကြီး မိုင်တိုင် ၁၆၃ မှစတင်ကာ အရှည် ၄ မိုင်ရှိ ပြီစုတ်ချောင်းငယ်အား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စက်ယန္တရားများဖြင့် မိုးရာသီစိုက်ပျိုးရာသီအမီ ရေစီးရေလာကောင်းမွန်စေရန်လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်၍ ယခုအခါပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွန်းနိုင်ကပြောကြားသည်။

“ကျွန်တော်တို့အခုလုပ်တဲ့ ပြီစုတ်ချောင်းက သိုင်းဝ၊ ကွင်းကြီး၊ ဇလုပ်ကြီး၊ ကုန်းကြီးကျေးရွာအုပ်စုများအတွင်းမှာရှိတဲ့ လယ်မြေတွေ ရေကြီးရေလျှံမှုက ကင်းဝေးသွားပါပြီ၊ တောင်သူတွေအတွက်အများကြီးအဆင်ပြေသွားပါတယ်” ဟု ဦးစီးအရာရှိက ဆက်လက်ပြောကြားသည်။

အဆိုပါ ပြီစုတ်ချောင်းငယ်သည် အနောက်မှအရှေ့သို့ စီးဆင်းကာ နှစ်စဉ် အမှိုက်သရိုက်နှင့် နုန်း အနယ်ပို့ချမှုများပြားကာ မိုးများအဆက်မပြတ်ရွာသွန်းပါက ရေလျှံလေ့ရှိ၍ စပါးစိုက်ပျိုးမည့်တောင်သူများက ရေအကျကိုစောင့်ဆိုင်း



လုပ်ကိုင်ကြရသည့်အတွက် အခက်အခဲများစွာကြုံတွေ့ကြရကြောင်း ကွင်းကြီးကျေးရွာနေ တောင်သူများကပြောသည်။ “အခုနှစ်မိုးရာသီအစမှာ တစ်လနီးပါးလောက်ကို မိုးက ဆက်တိုက်ရွာတာ၊ ခါတိုင်းနှစ်တွေဆို လယ်တွေရေဖွေးနေပြီ၊ အခုတော့ ရေလျှံမှုမရှိတော့လို့ တချို့တောင်သူတွေ စပါးတောင်ကြဲပြီးကုန်ပြီ၊ အရင်ထက်စာရင်အများကြီးအဆင်ပြေသွားကြပါပြီ”ဟု တောင်သူများကပင် ဆက်လက်ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# သရုပ်ဆောင်အဖြစ် ဆက်တိုက်မြင်တွေ့လာရတဲ့ အလှမယ် မေဘရက်ဂျီသော်

**အမေရိကန်နိုင်ငံတွင်ကျင်းပခဲ့သော ၂၀၁၅ ခုနှစ် မယ်စကြဝဠာပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ခဲ့သည့် အလှမယ် မေဘရက်ဂျီသော်ကို ယခုအခါ ဇာတ်ကားများတွင် သရုပ်ဆောင်တစ်ယောက်အဖြစ် ဆက်တိုက်ဆိုသလို မြင်တွေ့နေရသည်။ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် ပြည်ထောင်စုသစ္စာဘွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီးနောက် တစ်ကားပြီးတစ်ကား ဆက်ကာ ဇာတ်ကားရိုက်ကူးမှုများ ပြုလုပ်လာရခြင်းဖြစ်သည်။ မေဘရက်ဂျီသော်နှင့် ဆက်သွယ်မေးမြန်းထားမှုများကို ကြေးမုံပရိသတ်အတွက် မျှဝေလိုက်ရပါသည်-**



### လတ်တလော အနုပညာလှုပ်ရှားမှု

လတ်တလော အနုပညာလှုပ်ရှားမှုကတော့ ဇာတ်လမ်းတွဲရိုက်တာ ပြီးသွားပြီ။ ဇာတ်လမ်းတွဲအမည်က "ပန်းတစ်ပွင့်စီးချင်း"ပါ။ ဒါရိုက်တာက ကိုမင်းခိုက်စိုးစံပါ။ ကျွန်မနဲ့အတူ ပိုင်ဖြိုးသု၊ ထက်ကိုကိုလင်း၊ စိုးရန်အောင်၊ ဖွဲပြည့်တို့က သရုပ်ဆောင်အဖြစ် ပါဝင်ထားပါတယ်။ လွှင့်မှာကတော့ MRTV ကနေ အောက်တိုဘာလလောက်မှာ လွှင့်မှာပါ။ နောက်ပိုင်းတော့ ရှိုးပွဲတွေလျှောက်ဖြစ်တယ်။ ကြော်ငြာခတ်ပုံတွေလည်း ရိုက်ဖြစ်တယ်။ နောက်ထပ် ဇာတ်လမ်းတွဲတွေရိုက်ဖို့ ကမ်းလှမ်းထားတာလည်း ရှိပါတယ်။ ဒါပေမယ့် အခုထိတော့ ရိုက်ဖြစ်၊ မဖြစ်ဆိုတာ မဆုံးဖြတ်ရသေးပါဘူး။

### "ပန်းတစ်ပွင့်စီးချင်း" မှာဘယ်လိုနေရာက ပါဝင်သရုပ်ဆောင်ထားလဲ

ဇာတ်လမ်းတွဲအနေနဲ့ ကျွန်မပထမဆုံး သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။ ဇာတ်လမ်းမှာ ရှေ့နေမလေးတစ်ယောက်အဖြစ်နဲ့ သရုပ်ဆောင်ထားတာပါ။ တရားလိုနဲ့ တရားပြိုင် ရှေ့နေတို့အားပြိုင်တဲ့ ဇာတ်လမ်းမျိုးပါ။ အဓိကကတော့ ကျွန်မအတွက် အများကြီးသင်ယူလေ့လာခွင့်ရခဲ့တဲ့ ဇာတ်လမ်းလည်းဖြစ်ပါတယ်။

### တခြားရိုက်ကူးဖြစ်တာတွေကရော

မြဝတီမြို့မှာ ရိုက်ကူးခဲ့တဲ့ရုပ်ရှင်ကားကြီးမှာ ပါဝင်သရုပ်ဆောင်ထားပါတယ်။ အဲဒီကားမှာ ကိုဝေဠုကျော်၊ မအေးမြတ်သူ၊ ကိုသူထူးစံ၊ မြန်မာအိုင်ဒေါက ဇင်ကြီးတို့ ပါပါတယ်။ ပါဝင်သရုပ်ဆောင်ရတဲ့ အခန်းကနည်းပေမယ့် ရုပ်ရှင်ကားကြီးဆိုတော့ ကိုယ့်အတွက် အတွေ့အကြုံရအောင် ပါဝင်ဖြစ်တာပါ။ နောက် ကျိုက်ထိုမှာတော့ MEC-Tel ကြော်ငြာ ရိုက်ဖြစ်ပါတယ်။ ရိုက်တဲ့နေရာက စိမ်းလဲ့တင်ဆိုတော့ ပျော်စရာကောင်းတဲ့ ကစားပွဲတွေလည်း လုပ်ခဲ့ပါသေးတယ်။

### ဇာတ်ကားတွေများလာတော့ ရိုက်ကွင်းအတွေ့အကြုံပိုရမှာပေါ့

အရင်ကထက်စာရင် ပိုပြီးပညာတွေရလာတယ်။ ပထမဆုံးရိုက်တုန်းကဆိုရင် ကိုယ်ပြောရမယ့်စကားတွေကိုတောင် မနည်းဖတ်ရတယ်။ ကင်မရာရှေ့မှာလည်း မနေတတ်ဘူး၊ ဒိုင်ယာလော့ပြောရင်လည်း အကြာကြီးဖြစ်နေတယ်။ အခုနောက်ပိုင်းမှာတော့ အဆင်ပြေလာတယ်။ အတွေ့အကြုံရလာတာလည်း ပါတာပေါ့။ သင်ပေးတဲ့သူတွေလည်း အများကြီး တွေ့ရတယ်။ တော်တော်လေးအဆင်ပြေလာတယ်လို့ ပြောလို့ရပါတယ်။

### လက်ရှိမိုးတွင်းကာလကို နှစ်သက်လား

မိုးရာသီကာလဆိုတော့ မိုးရွာရင်ပျော်တယ်။ အေးအေးချမ်းချမ်းရှိတော့ ကောင်းပါတယ်။ ဒါပေမယ့် မိုးရာသီ အပြင်သွားရင် ရေတွေစိုတယ်။ အဲဒါတော့ သိပ်မကြိုက်ဘူး။ နောက်မိုးရာသီမှာ အပြင်သွားရင် ထီးတော့အမြဲဆောင်ထားတယ်။

### တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်တဲ့သူတွေ မအောင်မြင်တဲ့သူတွေအတွက် စကားလက်ဆောင်

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်တဲ့ သူတွေအားလုံးကို ဝမ်းမြောက်ဂုဏ်ယူပါတယ်။ Congratulations ပါလို့ ပြောချင်ပါတယ်။ ကျွန်မတုန်းကလည်း အောင်စာရင်းမထွက်ခင်မှာ အရမ်းရင်ခုန်ရတယ်။ ဘယ်လိုလဲဆိုတော့ ကိုယ့်အတွက် ရလဒ်ကောင်း ထွက်၊ မထွက်၊ အောင်ပါ့မလားဆိုပြီး စိတ်ပူမှုတွေကရှိတယ်။ ညဘက်ဆိုလည်း အိပ်မပျော်ဘူး။ ဒါပေမယ့် အောင်စာရင်းထွက်တဲ့အချိန်မှာ အောင်တယ်ဆိုတော့ တော်တော်လေးစိတ်သက်သာသွားတယ်။ ပျော်လည်း ပျော်သွားတယ်။ ဒီနှစ်မှာ မအောင်မြင်တဲ့သူတွေအတွက်လည်း စိတ်ဓာတ်မကျဖို့ ပြောချင်ပါတယ်။ ကိုယ့်အနေနဲ့လည်း ထပ်ပြီးကြိုးစားဖို့အတွက် အခွင့်အရေးရတယ်လို့ပဲမှတ်ယူစေချင်တယ်။ ဒီတစ်ခါ ကျရှုံးရင် သင်ခန်းစာယူပြီး နောက်တစ်ခါမှာ ဒီထက်ကောင်းတဲ့ ရလဒ်တစ်ခုရလာဖို့အတွက် ကြိုးစားခွင့်ရလာတာဖြစ်တယ်လို့ ပြောချင်ပါတယ်။

### အနုပညာအလုပ်တွေ ဘယ်လိုဆက်ပြီးလုပ်ဆောင်ဖြစ်မလဲ

ဇွန်လကုန်ခါနီးရင်တော့ အမျိုးသမီးရေးရာပွဲမှာ ရှိုးလျှောက်ဖို့ ရှိပါတယ်။ ဇွန်လ ၂၈၊ ၂၉၊ ၃၀ ရက်တွေမှာ လုပ်မယ့်ပွဲမှာပါ။ အနုပညာအလုပ်တွေတတ်နိုင်သလောက် ဆက်ပြီးလုပ်သွားမှာပါ။ ပရိသတ်တွေအားပေးရကျိုးနပ်အောင် ဆက်ပြီးကြိုးစားသွားမှာပါ။

(မင်းလှသား)

---



# လူမှုကွန်ရက်မီဒီယာပေါ် ပြန်လည်တက်လှမ်းလာတဲ့ တေလာဆွစ်

ပေ့ါပ်စူပါစတား တေလာဆွစ်ဟာ ယခင်က လူမှုကွန်ရက်မီဒီယာအပေါ်မှာ အလွန်အတွေ့ရများတဲ့သူတစ်ဦးဖြစ်ကာ သူ့ရဲ့လှုပ်ရှားမှုတွေကို ပရိသတ်တွေကို အချိန်နဲ့တစ်ပြေးညီ အသိပေးဖော်ပြလေ့ရှိပေမယ့် ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းကစတင်ကာ လူမှုကွန်ရက်မီဒီယာကိုအသုံးပြုတာ တွေ့ရခဲပါတယ်။ ဒီလို ဆိုရှယ်မီဒီယာပေါ်မှာ အေးစက်သွားခဲ့တဲ့ တေလာဆွစ်ဟာ လတ်တလောမှာတော့ ပြန်လည်အသုံးပြုခဲ့တာကိုတွေ့ခဲ့ရကြောင်း ဟောလိဝုဒ်မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြပါတယ်။

ပြီးခဲ့တဲ့ ဇွန် ၂၆ ရက်မှာ တေလာဆွစ်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာကို ပြန်လည်အသုံးပြုခဲ့တာတွေ့ရပါတယ်။ တေလာက ဘတ်စကတ်ဘောကစားသမားတစ်ဦးဖြစ်သူ ရက်စဲလ်ဝက်စ်ဘရွတ်ခ်အတွက် ဗီဒီယိုဖိုင်တစ်ခုကို သူ့ရဲ့တွစ်တာစာမျက်နှာပေါ်မှာဖော်ပြခဲ့တာဖြစ်ပြီး ယင်းဗီဒီယိုမှာတော့ တေလာဆွစ်က ရက်စဲလ်ဝက်စ်ဘရွတ်ခ်အတွက် ဂုဏ်ယူကြောင်း ပြောကြားထားတာကို တွေ့ရပါတယ်။ ရက်စဲလ်ဝက်စ်ဘရွတ်ခ်ဟာ မကြာသေးမီက ကျင်းပခဲ့တဲ့ 2017 NBA Awards ဆုပေးပွဲမှာ တန်ဖိုးအကြီးဆုံးသောပုဂ္ဂိုလ်ဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် တေလာက ဂုဏ်ယူဝမ်းမြောက်ကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ လတ်တလောဖော်ပြခဲ့တဲ့ တေလာရဲ့ဗီဒီယိုမှာတော့ တေလာဆွစ်ကို တေးဂီတလောကအတွင်း စတင်ဝင်ရောက်လာချိန်ကတွေ့မြင်ခဲ့ရတဲ့ပုံစံအတိုင်း ဆံပင်ကောက်ကောက်တွေနဲ့ ပြန်လည်တွေ့မြင်ခဲ့ရတာဖြစ်တယ်လို့လည်း သိရပါတယ်။

တေလာဆွစ်ဟာ ပြီးခဲ့တဲ့နှစ်အတွင်းက "One Direction"အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဇေမာလိခ်နဲ့ တွဲဖက်ကာ စုံတွဲတေးသီချင်း "I Don't Wanna Live Forever"ကို ဖန်တီးခဲ့ပြီး သူ့ရဲ့တေးသီချင်းသစ်တွေနဲ့ လှုပ်ရှားမှုအသစ်တွေကို လတ်တလောအချိန်အထိ ပရိသတ်အရှေ့အရောက်ပို့နိုင်ခြင်းမရှိသေးတာကိုလည်း တွေ့ရပါတယ်။ တေလာဆွစ်ဟာ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေကြောင်း ပြောကြားခဲ့တာကြောင့် တကယ်ကိုကြီးကျယ်တဲ့အစီအစဉ်တစ်ခုပြုလုပ်နေတာဖြစ်တဲ့အတွက် တေလာအနေနဲ့ လတ်တလောမှာ ငြိမ်နေတာဖြစ်တယ်လို့လည်း ပရိသတ်အချို့က ထင်ကြေးပေးနေကြပါတယ်။ ဒ့ါအပြင် တေလာဟာ ချစ်သူသစ်ရနေပြီဖြစ်ကြောင်း ကောလာဟလတွေပေါ်ထွက်နေကာ တေလာနဲ့ လက်တွဲခဲ့သူကတော့ ဗြိတိန်မင်းသားတစ်ဦးဖြစ်သူ ဂျိုးအော်ဝင်န်ဖြစ်ပြီး သူတို့နှစ်ဦးကို ပြီးခဲ့တဲ့လအတွင်းကစတင်ပြီး အတူတွဲတွေ့လာရတာဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်

---

# အိုင်ယူနဲ့ ဆူဇီကို ကျေးဇူးတင်လိုက်တဲ့ ကမ်ဆိုးဟွန်

လတ်တလောမှာတော့ တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ကမ်ဆိုးဟွန်ဟာ သူနဲ့ အခြားသော ကြယ်ပွင့်တွေဖြစ်ကြတဲ့ အိုင်ယူနဲ့ ဆူဇီတို့အကြားက ခင်မင်တဲ့ဆက်ဆံရေးကို သက်သေပြခဲ့ပါတယ်။ ကမ်က သူ့ရဲ့ ရုပ်ရှင်သစ်မှာ ဂီတကြယ်ပွင့် အိုင်ယူနဲ့ တေးသံရှင်အဖြစ်သာမက သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အောင်မြင်နေတဲ့ ဆူဇီတို့ကို ပါဝင်သရုပ်ဆောင်ပေးဖို့တောင်းဆိုခဲ့ပြီး ကမ်ရဲ့တောင်းဆိုမှုအောင်မြင်ခဲ့တာကြောင့် သူ့ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးကြတဲ့ အိုင်ယူနဲ့ ဆူဇီတို့ကို ကျေးဇူးတင်ရှိကြောင်း အင်တာဗျူးတစ်ခုမှာ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ကမ်ဆိုးဟွန်က လတ်တလောမှာ ရိုက်ကူးနေတဲ့ ရုပ်ရှင် "Real"မှာ ဧည့်သရုပ်ဆောင်တွေအဖြစ် ပါဝင်ပေးကြဖို့ ပုဂ္ဂိုလ်ရေးတောင်းဆိုမှုပြုခဲ့တာဖြစ်ပြီး အိုင်ယူနဲ့ ဆူဇီတို့ကလည်း ကမ်ဆိုးဟွန်ရဲ့ တောင်းဆိုမှုကို လက်ခံပေးခဲ့ကာ ကမ်ရဲ့ ရုပ်ရှင်မှာ အခန်းအနည်းငယ်ပါဝင်သရုပ်ဆောင်ပေးခဲ့တာ ဖြစ်ပါတယ်။

ဒီလို နာမည်ကျော်နှစ်ဦးရဲ့ ကူညီပံ့ပိုးပေးမှုနဲ့ ပတ်သက်ပြီး ကမ်ဆိုးဟွန်က "အစကတော့ ကျွန်တော်က သူတို့ကို ကျွန်တော့်ရုပ်ရှင်မှာ ပါဝင်ပေးဖို့ အချိန်နည်းနည်းရှိမလားလို့ မေးကြည့်ဖြစ်တာ။ ကျွန်တော်က သူတို့ပေးနိုင်တဲ့ အချိန်အတိအကျကို တောင်းဆိုလိုက်တဲ့အခါမှာလည်း သူတို့က သဘောတူကြတယ်။ ဒါကြောင့် ကျွန်တော်အနေနဲ့ အိုင်ယူနဲ့ ဆူဇီကို ကျွန်တော်နဲ့အတူပါဝင်ပေးလို့ တကယ်ကို ကျေးဇူးတင်ပါတယ်"လို့ မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။

"Real"မှာ ဆူဇီပါဝင်ဖြစ်ခဲ့တာနဲ့ပတ်သက်ပြီးလည်း ကမ်ဆိုးဟွန်က ဆူဇီဟာ ရိုက်ကွင်းကို ခြောက်နာရီလောက်စောကာ ရောက်ရှိလာပြီး သူပါဝင်သရုပ်ဆောင်ရမယ့် ဇာတ်ကောင်အတွက် မိတ်ကပ်နဲ့ဖန်တီးထားတဲ့ ယာယီတက်တူးကို ထိုးခဲ့ရကြောင်း၊ ရိုက်ကူးရေးပြီးဆုံးသွားတဲ့အခါ သူရှိရာကိုရောက်လာကာ ဒီလိုပြင်ဆင်မှုတွေပြုလုပ်ရမှာကို ကြိုတင်ပြောကြားထားခြင်းမရှိတဲ့အတွက် အပြစ်တင်ခဲ့ကြောင်းနဲ့ ဆူဇီကို တောင်းပန်ခဲ့ရကြောင်း ဖွင့်ဟခဲ့တယ်လို့ သိရပါတယ်။

ကမ်ဆိုးဟွန်ဟာ သူ့ရဲ့ရုပ်ရှင်သစ် "Real"မှာ မင်းသမီး စူလီနဲ့ အတူတွဲဖက်ကာ ခေါင်းဆောင်အဖြစ် ပါဝင်ထားတာဖြစ်ပြီး ယင်းရုပ်ရှင်ကိုတော့ ဇွန် ၂၈ ရက်မှ စတင်ပြီး ထုတ်လွှင့်ခဲ့တာဖြစ်ကြောင်း သိရပါတယ်။





# BIG MONSOON SALES

“(၃၀.၆.၂၀၁၇) မှ (၂.၇.၂၀၁၇) အထိ တပ်မတော်ခန်းမတွင်ကျင်းပပြုလုပ်မည့်
HOTTEST PROPERTY DEALS IN MYANMAR ပွဲတွင်
MONSOON အထူး PROMOTION အနေဖြင့် NAING GROUP မှ တန်ဖိုးကြီး ဇိမ်ခံ ကွန်ဒိုများ ဝယ်ယူပါက
ကျပ်သိန်းပေါင်း (၂၀၀) မှ (၅၀၀) အထိ သက်သာမည့် အခွင့်အရေးများ အပြင်

၁) ပထမဆုံး အခန်းဝယ်ယူသူ (၃) ဦးအား မြန်မာနိုင်ငံ၏ တစ်ခုတည်းသော
SWISS BRAND များစုစည်းရာ SWISS TIME SQUARE နာရီဆိုင်မှ ကျပ် သိန်း (၅၀) တန်ဖိုးရှိသော
ROLEX, OMEGA, TUDOR နာရီများ ဝယ်ယူခွင့် VIP GIFT VOUCHER

၂) ပြပွဲ အတွင်း ဝယ်ယူသူများအား ကျပ် သိန်း (၂၀) တန်ဖိုးရှိသော
LONGINES, RADO, TISSOT, BREITLING, MONTBLANC, RAYMOND WEIL နာရီများ
ဝယ်ယူခွင့် VIP GIFT VOUCHER များ ပေးအပ်သွားမည် ဖြစ်ကြောင်း”




GOLDEN VALLEY CLUSTER HOUSE | KBZ TOWER | EAST RACE COURSE CONDOMINIUM | NAING GROUP TOWER II | MERCHANT SUITE luxury condominium

**CONTACT US**
09 9771 22202
09 770 707070

DEVELOPED BY
NGC
NAING Group Capital Co.,Ltd.

Sales Office: No. (72), Corner of U Wisara Road & Chin Dwin Road, Kamayut Township, Yangon.
Website: www.nainggroupcapital.com
Email: marketing@nainggroupcapital.com

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်)

၁။ (၅)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှ စတင်ရောင်းချမည် ဖြစ်ပါသည်။

၂။ (၅)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေထီလက်မှတ်များကို **“က”အက္ခရာမှ အစဉ်လိုက် “အ”အက္ခရာထိ** အက္ခရာလုံးရေ(၃၃)လုံးနှင့် **“ကက”အက္ခရာမှ အစဉ်လိုက် “ကထ”အက္ခရာထိ** (၁၇)လုံး စုစုပေါင်း အက္ခရာ(၅၀)လုံးခန့်၊ ထီစာအုပ်ပေါင်း(၄၀၈၅၀၁၇) အုပ်ကို ခွဲဝေဖြန့်ဖြူးပြီး ဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူများရှိပါက ကျပ် ၅၀၀ တန် ထီများကို ဆက်လက်ရောင်းချပေးသွားမည် ဖြစ်ပြီး အနည်းဆုံး အုပ်ရေ(၁၀၀)နှင့်အထက် ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် (TF-1)ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၁၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် ၃-၇-၂၀၁၇ ရက်မှ ၂၄-၇-၂၀၁၇ ရက်ထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည် ဖြစ်ပါသည်။

၄။ (၅)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-






၅။ (၅)ကြိမ်မြောက် ကျပ် ၅၀၀တန် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း(၁၀၀၀၀)၊ ကျပ်သိန်း(၅၀၀၀)၊ ကျပ်သိန်း(၃၀၀၀)နှင့် ကျပ်သိန်း(၁၀၀၀)ဆုများပါဝင်ပြီး အနိမ့်ဆုံးဆုမဲမှာ ကျပ်(၅၀၀၀၀)ဖြစ်ပါသည်။

၆။ (၅)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်မှစတင်၍ **အကြိမ်မြောက်နှင့် ဖွင့်လှစ်မည့်နေ့ရက် စာသားမပါဝင်သော အရန်ထီလက်မှတ်များ**အား ရောင်းချခြင်းမရှိကြောင်းကိုလည်း အလေးထား အသိပေးအပ်ပါသည်။

၇။ ထို့ပြင် ၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၁ရက်တွင် ရောင်းချမည့် **(၆)ကြိမ်မြောက်** ကျပ် ၅၀၀တန် ထီလက်မှတ်များကိုလည်း **အက္ခရာလုံးရေ(၅၅)လုံး** ရောင်းချပေးသွားမည် ဖြစ်ပါသဖြင့် ထီစာအုပ်များ ထပ်မံဝယ်ယူရောင်းချလိုသူများရှိပါက သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှတစ်ဆင့် တင်ပြလျှောက်ထားနိုင်ပါကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအနေဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲသို့ တိုက်ရိုက်လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

ကြေးမပို-ဈေးချို **ရွှေမြင့်မိုရ်** ဝါဆိုသင်္ကန်းများ

နိုင်ငံခြားမှလာသော ပိတ်အမျိုးမျိုးကို ဝိနည်းတော်နှင့်အညီ အလျား၊ အနံ အပြည့် သေသပ်စိုင်စံ့စွာ ချုပ်လုပ်ထားသော ရွှေမြင့်မိုရ် ဝါဆိုသင်္ကန်းအမျိုးမျိုးကို ရိုးသားသော အထူးနှုန်းများဖြင့် အနယ်နယ် အရပ်ရပ်သို့ လက်လီ၊ လက်ကားလိုသလောက် ဖြန့်ဖြူးလျက်ရှိပါသည်။ ဦးစံမြတ် + ဒေါ်အေးမုံ

ပင်ရင်း- ၁၃၈၊ ကုန်ဈေးတန်းလမ်း (အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ - ၃၇၁၅၇၁၃၃၊ ၃၇၁၂၄၉၃

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့သင်္ဘောကျင်းလုပ်ငန်း
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
## (T(1)/MS/2017-2018)

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ ကမာရွတ်မြို့နယ်တွင် ဆောင်ရွက်မည့် အောက်ပါပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူအပ်ပါသည်-

Power Supply for Shipbuilding Yard (1 Lot)

(က) Electric Cable
(ခ) Main Switch Board
(ဂ) Sub-Switch Board
(ဃ) G.I Pipe for Cable Laying
(င) Switchboard Installation & Cable Laying

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၃၀-၆-၂၀၁၇ ရက်
(ခ) တင်ဒါပိတ်မည့်ရက်/အချိန် - ၃၁-၇-၂၀၁၇ ရက် (၁၄း၀၀) နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - မြန်မာ့သင်္ဘောကျင်းလုပ်ငန်း

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဌာနသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့သင်္ဘောကျင်းလုပ်ငန်း**
**ဖုန်း-၀၉-၇၃၁၀၉၂၄၂၊ ၀၁-၅၀၅၃၅၂**

## အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၂)၊ မြောက်ဒဂုံမှ ဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းများကို လစဉ်လဆန်းရက်တိုင်း ပုံမှန်ဖွင့်လှစ်လျက်ရှိပါသည်။ (Auto နှင့် Manual)နှစ်မျိုးလုံးသင်ကြားပေးပါသည်။

ဇူလိုင်လ ရုံးဖွင့်ရက်သင်တန်း ၃-၇-၂၀၁၇ ရက် ဖွင့်မည်။
ဇူလိုင်လ ရုံးပိတ်ရက်သင်တန်း ၈-၇-၂၀၁၇ ရက် ဖွင့်မည်။

ဆက်သွယ်ရန် ၀၉-၄၅၁၁၆၉၈၂၀၊ ၀၉-၂၅၂၂၅၇၇၀၉၊
လိပ်စာ (၁-၉)၊ မြဝတီမင်းကြီးလမ်း၊ (၅၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန် YBS-၁၂ဂိတ်အနီး
နယ်မှသင်တန်းသားများ အဆောင်အခမဲ့ စီစဉ်ပေးမည်။ (လူဦးရေကန့်သတ်ထားသည်)

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## (နေပြည်တော်)
## ယာဉ်မောင်းသင်တန်းကျောင်း

၈-၇-၂၀၁၇ရက် စတင်ဖွင့်လှစ်မည့် စနေ၊ တနင်္ဂနွေ ပုံမှန်သင်တန်းနှင့် အမြန်သင်တန်းများကို Auto/Manual Saloon ကားသစ်များဖြင့် (ပိတ်ရက်မရှိ) သင်ကြားပေးနေပါသည်။

မြို့မဈေးမှ အကြို/အပို့ စီစဉ်ပေးပါသည်။

**ဆက်သွယ်ရန်လိပ်စာ-**
**ပုဗ္ဗသီရိမြို့၊ ဘူတာ(ကညန)ရုံးနှင့်ကပ်လျက် (နေပြည်တော်)**
**ဖုန်း-၀၆၇-၅၁၀၀၃၂၊ ၀၉-၄၀၂၇၀၁၉၂၆၊ ၀၉-၅၃၆၆၁၈၆**

## COZY HOTEL ကြိုတင် Booking
## ပြည်တွင်းဧည့်သည်များ အထူးနှုန်း

| | |
|---|---|
| တစ်ယောက်တည်း | ၁၅၀၀၀ |
| နှစ်ယောက်တည်း | ၂၀၀၀၀ |

**အမှတ်(၁၁၄)၊ လမ်းမတော်၊ (၁၃)လမ်း၊ စံပြရုပ်ရှင်ရုံအနီး**

**ကြိုတင် Booking အတွက်သာ**
**ဖုန်း-၀၉-၇၈၅၀၀၁၉၂၀**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော သာကေတမြို့နယ်၊ ရွှင်းသာရပ်ကွက်၊ အဆင့်(၇)အိမ်ရာစီမံကိန်းတွင် ဒေါ်ကြူကြူစိန်အား အိမ်ငှားခံစားခွင့်အဖြစ် တိုက်(၁၈)၊ အခန်း(၃၈)၊ စတုတ္ထထပ်တွင် ပြန်လည်နေရာချထားပေးရန် မူလကသတ်မှတ်ခဲ့ပြီး ယခုအခါဌာနမှ အဆိုပါအခန်းအစား တိုက်အမှတ်(E-1)၊ အခန်း(၅၀၁)သို့ ပြောင်းလဲသတ်မှတ်ထားပါသည်။

ဒေါ်ကြူကြူစိန်မှ အဆိုပါရပိုင်ခွင့်အခန်းနှင့်ပတ်သက်၍ အမွေပြီးပြတ်ပြီးဖြစ်၍ အခန်းပေးအပ်ပါရန် လျှောက်ထားလာခြင်းအပေါ် ၎င်းအခန်းအား ဒေါ်ကြူကြူစိန်သို့ ပြန်လည်လွှဲပြောင်းပေးအပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ဌာနသို့လာရောက် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၄၁၉/က၊ မြေကွက်တည်နေရာအမှတ် ၄၁၉/က၊ သုမန၄လမ်း၊ ၅ ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်အေးသန်း ၁၂/သကတ(နိုင်)၀၃၉၈၉၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်အေးသန်း ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံချက် မြောက်ဥက္ကလာပမြို့နယ်တရားရုံး၏ ၂၅-၁-၂၀၁၇ ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်များတင်ပြပြီး ဂရန်မိတ္တူ လျှောက်ထားလာသဖြင့် ဌာနမှ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ရာ ၂ထပ်ပျဉ်ထောင်၁လုံးရှိပြီး လျှောက်ထားသူ ကိုယ်တိုင်နေထိုင်သဖြင့် ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်-6G/8202၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွှေသာကြီး)**

## Finger Joint

စက်အဟောင်း ဝယ်လိုသည်။

ဖုန်း-၀၉-၇၈၈၉၂၂၂၄၇
ကိုဇာနည်ကိုကို

## မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

## ကြေးပိဋကတ်တော် နှင့် ကြေးပိဋကတ်တိုက်ခမ္မစေတီတော်အလှူရှင်



၂၀.၅.၂၀၀၀နေ့က ကွယ်လွန်သွားသော
သား၊ကိုအောင်အောင်အား ရည်စူး၍
ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ တမ္ဘာအေးဘုရားလမ်းနေ
ဦးခင်ကြီး ဒေါ်ခင်မြဝင်းမိသားစု မှ
ကာစီဝိတရက်ပုရာဏနိုင်ဟာ ကြေးပိဋကတ်တော်(၁)အုပ်၊
နှင့် ကြေးသေတ္တာ(၁)လုံး။ စုစုပေါင်း တန်ဖိုး
ကျပ်သိန်း (၃၀)နှင့် (၁)သောင်းကျပ်တို့ လည်းကောင်း
နှစ်ဝက်သော မိဘများကို အမှူးထား၍
ဦးတင်မောင်ကြည် + ဒေါ်အေးဝေစိုင်း
သား မောင်စစ်ထွန်းဦး၊မောင်ပိုင်ဟိန်းကျော်
မောင်ထူးအောင်လင်း မိသားစုမှ
ကြေးပိဋကတ်တိုက်တော်အတွက် အလှူတော်ငွေ
ကျပ်သိန်း (၂၀)ကို
၁၁.၆.၂၀၁၇နေ့က ကြေးပိဋကတ်ဦးဆောင်ဆရာတော်ထံ လာရောက်လှူဒါန်းပါသည်။
ဆက်သွယ်လှူဒါန်းရန် - ဓမ္မဒေသတိုက်ကျောင်း၊ ကျောင်းတော်ရာ ရွှေကျစ်တိုက်ကြီး၊ တမ္ဘာအေးဘုရားလမ်း၊ (ရွှေဂေါင်း ဟော့ပေါ့မှ)၊ ကြားတောရပ်ကွက်၊ ဖေါ်လင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁၅၄၃၈၀၀၅၊ ၀၉ ၅၁ ၉၅၂၀၆၊ ၀၉ ၅၉၃ ၁၆၂၁၃။


## ပဌာန်းဘုရားပူဇော်နိုင်ရန် တိုက်တွန်းနှိုးဆော်လွှာ

ဝါတွင်းသုံးလ အမြတ်ဆုံးပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်တော့မည်ဖြစ်ပါ၍ မိမိတို့နေအိမ်၊ ကုမ္ပဏီရုံးခန်း၊ ဆိုင်ခန်းတို့၌ အန္တရာယ်ကင်းပျောက် ချမ်းသာရောက်၍ စီးပွားလာဘ်လာဘတိုးတက်အောင်မြင်စေရန် ရည်ရွယ်ပြီး ကိုးကွယ်တော်မူသည့် ဘုရားဆင်းတုတော်မြတ်များအား အမြတ်ဆုံးပဌာန်းထုံ့မွှမ်းသိဒ္ဓိတင်နိုင်ရန် ဘုရား၊ ဒါယကာ၊ ဒါယိကာမများအား ၂၄-၆-၂၀၁၇မှ ၈-၇-၂၀၁၇ရက်အထိ ညနေ ၅ နာရီထက်နောက်မကျစေဘဲ အောက်ပါကျောင်းတိုက်သို့ ပင့်ဆောင်ပို့နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**မဟာဝေဇယန္တာခမ္မရိပ်သာကျောင်း**
**အမှတ်(၅)ဝိုင်း၊ တ/ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၉၃၀၃၆၈၇**

## (၂၄)ကြိမ်မြောက် အရိမဒ္ဒနာရာမပရိယတ္တိစာသင်တိုက် (ကသစ်ကုန်းကျောင်းတိုက်) ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ အရိမဒ္ဒနာရာမပရိယတ္တိစာသင်တိုက် (ကသစ်ကုန်းကျောင်းတိုက်)ဆရာတော်အား အမှူးထား၍ ဒါယကာ၊ ဒါယိကာမများမှ ၂-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံဘုရားလမ်း၊ မြန်မာ့သစ်လုပ်ငန်း ခမ္မာရုံ၌ စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပူဇော်မည် ဖြစ်ပါသဖြင့် ကြွရောက်ဒါနပြု လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

**အကျိုးဆောင်အဖွဲ့**


Tah Lee Gold

## ယုဇနပလာဇာအနီး

စိန်ရွှေရတနာဆိုင် "တာမွေဆိုင်ခွဲ" မှ

မိတ်ဟောင်းမိတ်သစ်များအား အစဉ်အမြဲ လက်ကမ်းကြိုဆိုလျက်...

No.294, ဗညားဒလလမ်း၊ ယုဇနပလာဇာအနီး၊
သီတာမှတ်တိုင်နှင့် အောင်မင်္ဂလာမှတ်တိုင်ကြား တာမွေမြို့နယ်။
Ph: 09-450000451, 09-450000452


## zcift rnfef

ဆိပ်ကြီးခနောင်တိုမြို့နယ်၊ အလက(၂)ထခွဲ၊ အထက်တန်းကျောင်း၊ ဒသမတန်းမှ မအိဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးတင်နိုင်ချို [၈/ပခက(နိုင်)၁၇၂၉၈၂] ဖြစ်ပါသည်။

**ဦးတင်နိုင်ချို**


မော် SEVEN စံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644



သင်ရိုးပိုင်၍ ဂုဏ်ထူးလိုင်လိုင်ထွက်စေဖို့



## ဟန်နွယ်

အဆင့်မြင့်စာသင်ဝိုင်း

မောင်အောင်မင်းခန့်
၂၀၁၇-ဘာသာစုံဂုဏ်ထူးရှင်
ဆတမ-၁၆၊အမှတ်ပေါင်း ၅၄၆

အမှတ်-၄၁၊(၃-လွှာ-အေ)၊အောင်မင်္ဂလာလမ်း၊
ကျောက်မြောင်း၊တာမွေမြို့နယ်၊
Ph: 09-73006451, 09-254012675, 09-73070591, 09-420286612



ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး

## ရာဇာဇော်ဝင်း(LL.B)နှင့်သာဆက်သွယ်ပါ



ခရှုမ္မမပျက်စေတော်မိလုပသောနာမည်လှလှလေးများကိုဖုန်းသာဆက်လိုက်ပါကင်ပွန်း၊ တပ်ရက်/မင်္ဂလာမော်ကွန်း/ စာတာ/ ဂဏန်းဗေဒင်အဟောများ/ နက္ခတ်အဟောများ/ မိဘနာမည်တွဲသုံးပုံလမ်းညွှန်/ တစ်သက်တာဟောစာတမ်းများ/ နာမည်ပေးပါ ရဂ္ဂုဆရာကြီးနှင့်ဆက်သွယ်လျှင်ထူးချွန်သောကလေးဖြစ်စေရန် အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ်အလုံးစုံပါဝင်သောအကြား အမြင်ဟောစာတမ်းပါဦးမည်၊ကလေးအတွက်အစုံပါသည်နာမည်မျိုးစုံ နယ်သို့ စာတိုက်မှပို့မည်။လူကြီးများလိုရာမေး၊ ကွန်ပြူတာဖြင့်နာမည်မပေးပါ။ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။
အမှတ်(၉၄)ပထပ်မန္တလေးလမ်း(လယ်)ရေခမြောင်းကြီးအနီးမင်္ဂလာတောင်ညွန့်၊ရန်ကုန်
☎01-399136,09-73009994,09-253997740,09-5152521








## 2D စက်ချုပ်သင်တန်း

09 - 97 26 36 730, 09 - 970 49 32 56

ပညာဒါနအခြေခံသင်တန်း(စင်တီမီတာ) သင်တန်းကာလ - ၂ လ
ထမီ၊ချိတ်ထမီ၊ပတ်ထမီ၊၃လွှာ၊၄လွှာ၊ သင်တန်းကြေး - 100000
စကပ်၊ဘောင်းဘီ၊Patternဆွဲနည်း၊ Mon-Tue-Wed - 12 - 3
နောက်ကွဲဇစ်၊ရင်စေ့၊ရင်ဖုံး၄မျိုး၊ခါးတို၊ Mon-Tue-Wed - 3-6
လက်ပြတ်၊တဏ္ဍသိုလ်ရင်ဖုံး၊ Sat - Sun - 12-3
ကော်လာကတုံး၊ရင်ဖြတ်ဆက်၊ စမည့်ရက် - 3. 7. 2017
ခါးဖြတ်ဆက်၊ရှပ်၊ဂါဝန်၊အကျႌအပွ

အရင်ဆုံးအပ်နှံသူ (၁၀)ဦးအား 50% Discountပေးပါမည်

အမှတ်(၇၉)၊မြေညီထပ်၊ (၁၃)လမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊ရန်ကုန်၊







မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်

# Congratulations

## SUPREME GROUP

Led by reputable Professor Dr. Sein Myint (Patron - Myanmar Engineering Council & Vice President - ASEAN Academy of Engineering & Technology)

Proud to be officially recognized
as winner of the following prestigious awards :

- ASEAN OUTSTANDING WOMEN ENTREPRENEURS AWARD,
  Awarded to **DAW MYAT THANDAR – CO-CHAIRMAN**
  By ASEAN WOMEN ENTREPRENERUS NETWORK – AWEN
- ASEAN OUTSTANDING ENGINEERING ACHIEVEMENT AWARD
  Awarded to **SUPREME WATER DOCTOR CO.,LTD.**
  By ASEAN FEDERATION OF ENGINEERING ORGANISATIONS – AFEO
- ASEAN GREEN AWARD, 1st PRIZE
  Awarded to **SUPREME BIO TECH CO.,LTD.**
  By ASEAN ACADEMY OF ENGINEERING & TECHNOLOGY AND
  MALAYSIA - CHINA CHAMBER OF COMMERCE

GUARDIAN INDEPENDENT CERTIFICATION
IAF MCA ISO 9001: 2008 UKAS 045
Certificate No. 680070
IFOAM PROUD PART
ID No. 8211112
Responsible Care®
Myanmar Organic
Organic Fertilizer

Your hard work, Professionalism and commitment in support of our community development are greatly appreciated.
We wish you continued success and many more years of contribution to the society.

| | | |
|---|---|---|
| U Zaw Min Win | President | Union of Myanmar Federation of Chambers of Commerce and Industry MFCCI) |
| U Aung Myint | President | Myanmar Engineering Society (MES) |
| U Htun Htun Naing | President | Myanmar Young Entrepreneurs Association (MYEA) |
| Daw Hla Waddy | President | Myanmar Women Entrepreneurs Association (MWEA) |
| Dr. Aung Thein | Chairman | Myanmar Industries Association (MIA) |
| U Aung Soe Tha | Chairman | Myanmar ComBiz Group of Companies |
| U Aung Thet Mann | CEO | Ayer Shwe Wah Co., Ltd. |
| Daw Khine Zaw | CEO | Earth Industrial (Myanmar) Co., Ltd. |
| U Myan Han | Chairman | Fortune International Ltd. |
| U Myat Thin Aung | Chairman | A A Group of Companies |
| U Nyo Min | Chairman | Min Zar Ni Group of Companies |
| U Ne Aung | Chairman | United Amara Bank |
| U Soe Paing | Chairman | Paing Family Group |
| U Shane Thu Aung | Vice Chairman & CEO | Global Technology Co., Ltd. |
| U Thaung Su Nyein | CEO | Information Matrix Trading Co., Ltd. |
| U Tun Lwin | Managing Director | Shwe Me Co., Ltd. |
| U Thadoe Hein | Chairman | Myanma Abwa Group |
| U Wai Phyo, | Managing Director | Yathar Cho Industry Ltd. |
| U Win Aung, | Chairman | Dagon Group of Companies |
| Daw Win Win Tint | CEO | City Mart Holding Co., Ltd. |
| U Zaw Moe Khaine | Managing Director | AA Medical Products Ltd. |
| U Zeya Thura Mon | Chairman | Zeya & Associates Co., Ltd. |

# ကြော်ငြာ


**သန်းဒွေးနှင့်ရောင်းရင်းများ** ၅ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
ပုဂံဝါဆိုပွဲ (ဝါဆိုသင်္ကန်းကပ်)အထူးခရီးစဉ် (၇-၇-၂၀၁၇)ထွက်မည်။
ပုဂံ၊ ပုပ္ပါး(ဒွယ်တော်လေးဆူ)၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင် (၅)ရက်။
☆ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး(ဒွယ်တော်လေးဆူ)၊ မခုတ္တူ၊ နေပြည်တော် (၄)ရက်။
☆ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ဝေဠုဝန်ကျောက်စိမ်းစေတီ (၄)ရက်။
☆ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ကက္ကူ၊ ထမ့်ဝမ်း (၄)ရက်။ လွိုင်ကော် ပါ (၅)ရက်။
☆ မြဝတီ၊ မဲဆောက်၊ ဘားအံ (၃)ရက်။ အပတ်စဉ်-သောကြာနေ့တိုင်း
ရေချမ်းဖြိုင်(ဝနေ/တနင်္ဂနွေ) ☆ ပြည်၊ အကောက်တောင်၊ နဂါးရစ် ☆ မဲလဲဆံတော်ရှင် ☆ ဗလွှန်
တောင်ပြုံးမင်းနှစ်ပါးပွဲတော်နှင့် အထက်မြန်မာပြည်ခရီးစဉ်များ
(၁-၈-၂၀၁၇)ထွက်မည်။ (ကြိုတင်လက်မှတ်ရောင်းပြီ)
အမှတ်(၄၄)ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422

**ရွှေလမ်းညွှန်**
ဝါဆိုလပြည့်နေ့ အထူးအစီအစဉ်
ပုဂံ (ဒွယ်တော်လေးဆူ)၊ ပုပ္ပါး၊ မခုတ္တူ (၃)ရက်
38000Ks July 7
09-420087371, 09-259302028, 09-259302029

**ဟိန်း** 01.2330054 095160048 09-782470755
လချုပ်/နှစ်ချုပ်ကားမျိုးစုံငှားရန်ရှိသည်။
www.heincarrental.com

## ပထမနှစ်မှ နောက်ဆုံးနှစ်အထိ ပေဂျာစုံ၊ အတန်းစုံ စာသင်သားများအတွက်

■ စာစဉ်ဖြေနည်း အထောက်အကူပြု လမ်းညွှန်စာအုပ်များ ထွက်ပြီ။
■ သင်တန်းများ ကျောင်းအပ် လက်ခံပြီ။

အဝေးသင်

ဆက်သွယ်ရန်
CENTER (မြို့ထဲ) - အမှတ် ...၊ ... လမ်း၊ ... ဖုန်း - ...
(လှည်းတန်း) - အမှတ် ...၊ ... လမ်း၊ ... ဖုန်း - ...

**NELC**
Don't Worry, Just Speak!



Communicative English Classes

- Intro
- Level -1,2,3
- Listening /Speaking -1 & 2
- Grammar
- IELTS Foundation

စသည့် English Language အတန်းများကို NELC တွင်တက်ရောက်နိုင်ပါသည်။

မြေနီကုန်း - 526311, 523680 ဗိုလ်အောင်ကျော် - 01 256516 ~7 မန္တလေး - 09 91023900
နေပြည်တော် - 09 782009390 ပြင်ဦးလွင် - 09 400306019 လားရှိုး - 082 26611 တာချီလိတ် - 084 52572

LSC London School of Marketing | Local Access Point
INSPIRO INSTITUTE

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက်
UK, ANGLIA RUSKIN UNIVERSITY မှ တိုက်ရိုက်ချီးမြှင့်မည့်
ဘွဲ့ရစ်ခန့်ဖြူမှုဆိုင်ရာ



မြန်မာနိုင်ငံတွင် တက်ရောက်နိုင်သော
UK DEGREE များတွင် ကုန်ကျစားရိတ် အသက်သာဆုံး

BUSINESS MANAGEMENT DIPLOMA ▶ BA (HONS)
SCHOLARSHIPS များရရှိနိုင်ပါသည်

BA Hons Final Year Top-up is delivered by London School Of Marketing

F38 First Floor Pearl Condo Tower A, Bahan, Yangon
09257776667 /inspiroinstitute

လိုနေသူကို ဖေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
**ဆရာမိုး** Follow Me Ph.D (USA) **IELTS** တန်းခွဲသစ် လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၄ လ နှင့်
ENGLISH 4 SKILLS Level (1)တစ်ပတ် (၅)ချိန်တက်(၂)လ အထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်းတက်၍ တက်သူတိုင်းတတ်ကုန်ကြပြီ။ တန်းခွဲသစ်များ July 1 စမည်။
4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။
ရည်မှန်းချက် ကြီးမားစွာဖြင့် ပြည်တွင်း၊ ပြည်ပတွင် အင်္ဂလိပ်စကားကို အဆင့်မြင့်မြင့် ပြောဆိုနိုင်ရန် ပြင်ဆင်ထားချင်သူများအတွက်
အထူးစီစဉ်ဖွင့်လှစ်ပေးသည့် Certificate in Business English Speaking ၃ လ အထူး
နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အလျင်မြန်ဆုံး တိုးတက်လျက်
သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၄ လ အတတ် လက်ခံပြီ။
4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၄ လ အထူး လက်ခံပြီ။
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
အင်း၀ အမှတ် ၁၈၊ ၅-လွှာ၊ စာအုပ်တိုက် (အပေါ်ထပ်)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။ 0943125393
ဝိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ်၊ ကုန်သည်လမ်း (၄၄-လမ်းထိပ်)။ 01 398118, 295798

**CEO** ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ထွက်ပြီ။

- Repatriate များနှင့် လုပ်ငန်းခွင်စိန်ခေါ်မှုများ
- Artificial Intelligence Assistant များအကြောင်း
- လုပ်ငန်းခွင်မှာ ပင်ကျော်ဖက်ရှင်နယ်မဆန်တဲ့ အကျင့် ၂၄ မျိုး
- အလုပ်နှင့်ထွက်တက်ကို ဘယ်လိုအကောင်းဆုံး လုပ်ဆောင်မလဲ

တန်ဖိုး ၂,၅၀၀ ကျပ်




တူဒေးစာအုပ်တိုက်က ထုတ်ဝေသည်။

**Winner Super Diamond Pile Co., Ltd.**
**W.S.D Group**

GUARDIAN INDEPENDENT CERTIFICATION | UKAS QUALITY MANAGEMENT 045
ISO 9001:2015 Cert. No. 734649

# W.S.D Pile



YCDC Licence No.PL-12, MCDC Licence No.PI-006
လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင်
ပိုင်ရိုက်ခြင်း၊ Bored Pile,လုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com

Add: အမှတ်(ဘီ-၁၀)၊(၃၃)လမ်း၊(၈၁-၈၂)လမ်းကြား၊မန္တလေး။
Ph: 09-265820507
Facebook: Winner Super Diamond Piling Co.,Ltd


ရိုးရိုးလေး
၁၅ ကျပ်/မိနစ်
အိုရီဒူး၊ MPT ၊ တယ်လီနော နံပါတ်
အားလုံးကို ခေါ်ဆိုရန်အတွက်
*777# ကိုခေါ်ဆိုပါ
စာရင်းသွင်းခ အခမဲ့
ooredoo

# သမိုင်းအစဉ်အဆက် ယဉ်ကျေးမှုမပျက် မြတ်နိုးဆင်ယင်ခေတ်အသွင် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် ဖျော်ဖြေပွဲ ကျင်းပ



ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ကျင်းပစဉ်။

**ရန်ကုန် ဇွန် ၂၈**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စီစဉ်တင်ဆက်သည့် "သမိုင်းအစဉ်အဆက် ယဉ်ကျေးမှုမပျက် မြတ်နိုးဆင်ယင်ခေတ်အသွင်" ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် "ယှဉ်ပြိုင်တေးစကား လေဒီစတား" အထူးပွဲပြသခြင်းကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်သည်။

ခေတ်အဆက်ဆက် ပြောင်းလဲလာသည့် ရိုးရာအဝတ်အထည်များနှင့် ဆင်ယင်ထုံးဖွဲ့မှုများကို ယနေ့ခေတ်လူငယ်များ သိရှိပြီး မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းတတ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖျော်ဖြေပွဲတွင် ပရိသတ်များစိတ်အပန်းပြေစေရန် ရုပ်ရှင်ဂီတ နှစ်ဖက်လှ အစီအစဉ်ဖြစ်သည့် အောင်မြင်ရုပ်ရှင် သီချင်းအသွင်၊ သံစဉ်ထိုးဖောက် ရုပ်ရှင်ရောက် ကဏ္ဍများ၊ မော်ဒယ်သမီးပျိုလေးများ၏ လှပစွာ ဝတ်စားဆင်ယင်ပြသမည့် ခေတ်အကြိုက်သွင်ပြင်ရတနာအဆင်ကဏ္ဍ၊ ပွဲလယ်တင့်တာ တို့ရိုးရာ ဂုဏ်ရှိန်ပြည့်လွှမ်း ချိတ်အဆင်ဆန်းကဏ္ဍများနှင့် နိုင်ငံကျော် အဆိုတော်တေးသံရှင်များကလည်း ပါဝင်ဖျော်ဖြေခဲ့ကြသည်။ နိုင်ငံကျော်အနုပညာရှင်များပါဝင်သည့် ယှဉ်ပြိုင်တေးစကား လေဒီစတား တစ်ခန်းရပ်ပြဇာတ်ကိုလည်း တင်ဆက်ကပြရာ ပရိသတ်အကြိုက်တွေ့စေခဲ့သည်။

လူကြီး၊ လူငယ် အရွယ်စုံပရိသတ်များအတွက်ရည်ရွယ်ပြီး တင်ဆက်ကပြခြင်းဖြစ်သည့်အတွက် ရသစုံပေးနိုင်ရန် ပထမပိုင်းနှင့် ဒုတိယပိုင်း နှစ်ပိုင်းခွဲကာ ဖျော်ဖြေတင်ဆက်ခဲ့ပြီး သံချပ်အစီအစဉ်များ၊ တစ်ခန်းရပ် ဟာသပြဇာတ်၊ "ရုပ်ရှင်နှင့်ဂီတ နှစ်ဖက်လှအစီအစဉ်" စသည်တို့ပါဝင်ပြီး ယခင်နှစ်များနှင့် မတူ တစ်မူထူးခြားသည့်

စာမျက်နှာ ၆ ကော်လံ ၅ သို့ ✿

## လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ
## အိမ်ရှင်မြန်မာ ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇွန် ၂၈**

ဆီးဂိမ်းပြိုင်ပွဲအကြို KBZ Bank Cup လေးနိုင်ငံ ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပရာ မြန်မာအသင်းနှင့် ဂျပန်တက္ကသိုလ်အသင်းတို့ အနိုင်ရခဲ့သည်။

စာမျက်နှာ ၆ ကော်လံ ၅ သို့ ○



မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်း ယှဉ်ပြိုင်နေစဉ်။



နန်စီပွန် ကျောက်ထုတ်လုပ်ကွက်အား တွေ့ရစဉ်။

## နန်စီပွန်ဒေသ တရားမဝင် ကျောက်မျက်ရှာဖွေသူများအား
## ရှင်းလင်းဖယ်ရှားနိုင်ရေးအဆို မဲခွဲဆုံးဖြတ်ချက်ဖြင့် လက်မခံ

**မုံရွာ ဇွန် ၂၈**

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနိုင်ဇင်သက်က ခန္တီးမြို့နယ် နန်စီပွန်ဒေသကိစ္စနှင့် ပတ်သက်သော အဆိုကို ဇွန် ၂၈ ရက်က ပြုလုပ်သော ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် အဌမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် တင်သွင်းပြီး လွှတ်တော်က လက်ခံဆွေးနွေးရန်သင့်၊ မသင့်ကို မဲခွဲဆုံးဖြတ်ရာ ကန့်ကွက်မဲ ၆၇ မဲ၊ ထောက်ခံမဲ ၂၃ မဲ၊ ကြားနေမဲ သုံးမဲ ရရှိသဖြင့် အဆိုကို လွှတ်တော်က လက်မခံကြောင်း ဆုံးဖြတ်သည်။

ခန္တီးခရိုင် ခန္တီးမြို့နယ် နန်စီပွန်ဒေသရှိ တရားမဝင်ကျောက်မျက် ရှာဖွေသူများအား ထိရောက်စွာရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအနေဖြင့် အဆိုပါဒေသကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ(၁၄၄)အရ တားမြစ်မိန့်ထုတ်ပြန်ရန် တိုက်တွန်းကြောင်း အဆိုကို တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနိုင်ဇင်သက်က

စာမျက်နှာ ၆ ကော်လံ ၅ သို့ ●

BMF BEST MERCHANT FINANCE
★ အချိန်တိုအတွင်း ချေးငွေရယူမှု။
★ ရိုးရှင်းလွယ်ကူသော လစဉ်ပေးချေမှု။
BMF မှအောက်ပါဝန်ဆောင်မှုလုပ်ငန်းများကို လျင်မြန်စွာဆောင်ရွက်ပေးနေပါသည်-
■ Loan (ချေးငွေ)
■ Leasing (အငှားဝန်ဆောင်မှု)
■ Hire Purchase (အရစ်ကျဝယ်ယူစနစ်)
♦ မော်တော်ယာဉ်များ(အိမ်စီးကား/ကုန်တင်ယာဉ်/City Bus)
♦ စက်ယန္တရားယာဉ်များ(မြေတူးစက်/လယ်ယာသုံးပစ္စည်း)
♦ လူနေတိုက်ခန်းနှင့်ကွန်ဒိုများ/Generator များ



အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန် -
အမှတ်(၃၅)၊ အနောက်ရွှေဂုံတိုင်(၃)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ Tel: +951 524925, Fax: +951 524933, Hot Line: +959 775189888, 785189888, 795189888.
" သင့်အနာဂတ်လှပဖို့ BMF နှင့်ချိတ်ဆက်စို့ "
Email: best.bmf002@gmail.com